# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လဆန်း (၂) ရက်၊ သောကြာနေ့ ၊ (18-8-2023) ၊ အတွဲ (၃၂)၊ အမှတ် (၁၁၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဘုရားဖူးလာရောက်ကြသည့် ရဟန်းရှင်လူပြည်သူများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ဇရပ်၊တံတား၊ဥယျာဉ်များ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ **စာမျက်နှာ ၁၈ ကော်လံ ၁ သို့**



**ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိစဉ်။**




ရတနာပုံ
၂၀၁၂ ခုနှစ် ဩဂုတ် ၁၈ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူများ၏ကျန်းမာရေးကိုအကျိုးပြုသည့် BPI

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉)ရပ်အနက် လူမှုရေးဦးတည်ချက်တွင် "တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" ဟူသော အချက်ပါရှိသည်။ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အရည်အသွေးပြည့်မီသော ဆေးဝါးများလိုအပ်လျက်ရှိသည်။ ထို့ကြောင့် ယခုအခါ စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း BPI Pharmaceutical Museum နှင့် မြွေဆိပ်ဖြေဆေး အအေးခံခြောက်ထုတ်လုပ်ရေးစက် Freeze Dryer Machine အသစ်ကို ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

မြန်မာ့ဆေးဝါးလုပ်ငန်း BPI ကို ၁၉၅၄ ခုနှစ် မေ ၂၃ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက အထိမ်းအမှတ်ကျောက်စာတိုင်ကို စိုက်ထူခဲ့ပြီး ၁၉၅၈ ခုနှစ် မေ ၂၃ ရက်တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမောင်က ဗမာနိုင်ငံဆေးဝါးစက်ရုံ (Burma Pharmaceutical Industry-BPI) အမည်ဖြင့် ဖွင့်လှစ်ခဲ့ပြီး ဆေးဝါး ၄၁ မျိုးနှင့်ကပ်ရောဂါကာကွယ်ဆေး ခြောက်မျိုးတို့ဖြင့် စတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့ဆေးဝါးလုပ်ငန်း BPI အနေဖြင့် အရည်အသွေးအာနိသင်ထက်မြက်သည့် ဆေးဝါးများကို သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ခေတ်အဆက်ဆက်ထုတ်လုပ်ရောင်းချခဲ့ကာ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးဝါးထုတ်လုပ်မှုအခန်းကဏ္ဍကို ဦးဆောင်လျက်ရှိပေသည်။

**"မြန်မာ့ဆေးဝါးလုပ်ငန်း BPI မှထုတ်လုပ်သည့် မြွေဆိပ်ဖြေဆေးအပါအဝင် အခြားသောဆေးဝါးမျိုးစုံတို့သည် လူတို့၏အသက်အန္တရာယ်ဖြစ်စေနိုင်သည့် ရောဂါဘယများမှ ကာကွယ်ခြင်းနှင့်ကုသခြင်းတို့ကို စွမ်းဆောင်ပေးနိုင်ပြီး လူသားတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေသဖြင့် မွန်မြတ်သည့် အလုပ်တစ်ရလည်းဖြစ်ကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း BPI အနေဖြင့် ရှိပြီးဖြစ်သည့် အရည်အသွေးကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်းမှာလည်း ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဆေးဝါးပညာရှင်ကြီးများ၏ လက်ဆင့်ကမ်းမျှဝေမှု၊ မျိုးဆက်သစ်ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့်ပင်ဖြစ်သဖြင့် မိမိအနေဖြင့် များစွာချီးကျူးအသိအမှတ်ပြုပါကြောင်း"** စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း BPI Pharmaceutical Museum နှင့် မြွေဆိပ်ဖြေဆေး အအေးခံခြောက်ထုတ်လုပ်ရေးစက် Freeze Dryer Machine အသစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်းစိန်)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာ့ဆေးဝါးလုပ်ငန်း BPI မှ ထုတ်လုပ်သည့်ဆေးဝါးများသည် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုအတွက် အရည်အသွေးပြည့်မီသည့်ဆေးဝါးများကို ထုတ်လုပ်ပေးနေသဖြင့် ပြည်သူတို့ သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ကြမည်ဖြစ်သည်။ ထို့ပြင် မြွေဆိပ်ဖြေဆေး၏ အကျိုးအာနိသင်ကြောင့် ပြည်သူတို့၏အသက်ပေါင်းများစွာကိုလည်း ကယ်တင်နိုင်မည်ဖြစ်ပေသည်။

နိုင်ငံတော်ပိုင်စက်မှုလုပ်ငန်းများသည် ပြည်သူများ၏ သက်သာချောင်ချိရေးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သည်။ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းတူပါက အရည်အသွေးပိုမိုကောင်းမွန်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာ့ဆေးဝါးလုပ်ငန်း BPI မှထုတ်လုပ်သည့် ဆေးဝါးများသည် လူ့အသက်အတွက် တန်ဖိုးဖြတ်မရသည့် ပစ္စည်းများဖြစ်သဖြင့် ပြည်သူများအတွက် များစွာအကျိုးပြုနေမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# ယခုဘဏ္ဍာနှစ်အတွင်း သရက်ကုန်းငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ ၂၅ သိန်းကျော် မျိုးစိုက်ထည့်ပေးထား




**မန္တလေး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီးတွင် ငါးသယံဇာတများ ရေရှည်ထိန်းသိမ်းနိုင်စေရေးနှင့် ပေါများစေရေးအတွက် ယခုဘဏ္ဍာနှစ်အတွင်း သရက်ကုန်းငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ ၂၅ သိန်းကျော် မျိုးစိုက်ထည့်ပေးထားကြောင်း အဆိုပါ ငါးလုပ်ငန်းစခန်းမှ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းစခန်းများက ခွဲတမ်းကျဖြင့် ငါးမျိုးများ စိုက်ထည့်ပေးနေကြောင်း၊ ထိုသို့စိုက်ထည့်ပေးရာတွင် မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်းအနေဖြင့် နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ သိန်း ၆၀ ကို ယခုနှစ် ဇွန်လမှစ၍ လျာထား မျိုးစိုက်ထည့်ပေးလျက်ရှိရာ ယနေ့ထိ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၂၅ သိန်းကျော်ကို မျိုးစိုက်ထည့်ပေးထားပြီးဖြစ်ကြောင်း သရက်ကုန်းငါးလုပ်ငန်းစခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းစခန်းတွေအနေနဲ့ အခုဘဏ္ဍာနှစ်အတွင်းမှာ စခန်းအလိုက် ငါးမျိုးတွေကို ခွဲတမ်းကျ စိုက်ထည့်ပေးနေတာပါ။ လက်ရှိအချိန်မှာ သရက်ကုန်းငါးလုပ်ငန်းစခန်းအနေနဲ့ ငါးသားပေါက်ကောင်ရေ ၂၅ သိန်းကျော်ကို စိုက်ထည့်ပေးထားပြီးဖြစ်ပါတယ်။ အခုလို မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်၊ တမံနဲ့ ရေလျှံကွင်းတွေမှာ ငါးမျိုးတွေ စိုက်ထည့်ပေးတာဟာ ငါးသယံဇာတတွေ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေပြီး ပေါများစေဖို့အတွက်ဖြစ်ပါတယ်" ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းစခန်းလေးခုမှ ငါးသားပေါက်များမွေးမြူပြီး မျိုးစိုက်ထည့်ပေးနေခြင်းဖြစ်ကြောင်း၊ အဆိုပါ ငါးလုပ်ငန်းစခန်းများမှာ သရက်ကုန်းငါးလုပ်ငန်းစခန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်း၊ ကူမဲငါးလုပ်ငန်းစခန်း၊ ရေနံ့သာငါးလုပ်ငန်းစခန်းတို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဩဂုတ် ၁၇**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ်တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ကောင်းလျက်ရှိပြီး အသစ်ဘီးများလည်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လာကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click(ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၄ သိန်း၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ သိန်း ၂၀ ခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၄ သိန်းမှ ၁၇ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Click (ဒလက်)မှာ ငွေကျပ် ၁၅ သိန်း၊ Click (စပုတ်)မှာ ငွေကျပ် ၁၃ သိန်း ၅ သောင်းခန့်၊ Scoopy i ဘီးများမှာ ငွေကျပ် ၁၃ သိန်း ၅ သောင်းမှ ၁၅ သိန်းခန့်၊ အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၃ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၃ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၉ သိန်း ၈ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

ကားဈေးကွက်တွင် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများ အရောင်းအဝယ်အနည်းငယ်ရှိနေပြီး နံပါတ်ထွက်ပြီး တစ်ပတ်ရစ်ညာမောင်းကားများမှ အင်ဂျင်ပါဝါမြင့်ကားများ အရောင်းအဝယ်အေးနေကြောင်း မန္တလေးကားဈေးကွက်အတွင်းမှ သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် ပွိုင့်သရီးကားလေးများနှင့်၆၆၀ စီစီ ပစ်ကပ်ကားလေးများအနက် ငွေကျပ်သိန်း ၂၅၀ မှ သိန်း ၃၅၀ ကြား ကားများ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဝှစ်ရှ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိကြောင်း သိရသည်။

၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ်သိန်း ၁၅၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၃၀ ခန့် ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ် သိန်း ၁၀၀၊ Auto ငွေကျပ် သိန်း ၁၂၀ ခန့်ဖြင့် အရောင်းအဝယ် ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်အတွင်း ကြက်သွန်နီလက်ကျန်နည်းပါးလာ၍ တစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ ပေါက်ဈေးရှိနေ

**မန္တလေး ဩဂုတ် ၁၇**

မန္တလေး ဈေးကွက်အတွင်း ကြက်သွန်နီလက်ကျန်နည်းပါးလာ၍ တစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးဈေးကွက်အတွင်း ကြက်သွန်နီအဝင်နည်းလာသည့်အပြင် ကုန်စည်လက်ကျန်မှာလည်း နည်းပါးလာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်နိုင်ငံဘက်ကလည်း ကြက်သွန်နီကို ဝယ်ယူမှုများရှိကြောင်း သိရသည်။

"အခုလက်ရှိ မုံရွာ၊ မြင်းခြံနဲ့ ပခုက္ကူဘက်ကထွက်တဲ့ကြက်သွန်နီတွေ မန္တလေးဈေးကွက်ထဲ တဖြည်းဖြည်းအဝင်နည်းလာတယ်။ ကြက်သွန်နီက လက်ကျန်နည်းလာတော့ ဈေးကောင်းလဲပြန်ရလာပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဩဂုတ်လပထမပတ်က ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ်၂၃၀၀ သာရှိခဲ့သော်လည်း ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း ကုန်စည်လက်ကျန် နည်းပါးလာမှုကြောင့် ဩဂုတ် ၁၆ ရက် ပေါက်ဈေးအရ ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ ဈေးရှိနေကြောင်း သိရသည်။

"အခုတစ်လောကတော့ မြင်းခြံနဲ့ပခုက္ကူဘက်ကနေ ထွက်ရှိတဲ့ ကြက်သွန်နီတွေ မန္တလေးဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေပါတယ်။ ကုန်သည်တွေကလဲ အဲဒီဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို အဝယ်များလာတာ တွေ့ရပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် ကြက်မောက်ခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**သာစည် ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြက်မောက်ခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် တာဝန်ရှိသူများက ကြက်မောက်ခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ဖြင့် မွေးမြူရေးလုပ်ငန်းများဖြစ်သော နွားနှင့် ဆိတ်မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲရှိ၊ မရှိ မေးမြန်းကာ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

သာစည်မြို့နယ် ကြက်မောက်ခေတ်မီစံပြကျေးရွာ၌ အိမ်ခြေ ၃၅၆ အိမ်၊ လူ ၁၄၇၅ ဦးခန့်နေထိုင်လျက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ထုတ်ချေးပေးထားကြောင်း၊ အဆိုပါ စီမံကိန်းရန်ပုံငွေများဖြင့် နွားကောင်ရေ ၃၀၊ ဆိတ်ကောင်ရေ ၁၅၀ မွေးမြူထားပြီးဖြစ်ရာ လက်ရှိတွင် နွား ၁၀ ကောင်နှင့် ဆိတ် ၅၇ ကောင်ခန့် တိုးပွားလျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

# ချောင်းဆုံမြို့နယ် တကူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ချောင်းဆုံ ဩဂုတ် ၁၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တကူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်နေပြည်သူများလိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၂၉ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တကူတာကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၉ ဦးကို ငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၃၃၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၃၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံလျာထား ၁၃၃၈ ဧကကို ယခုနှစ် ဇူလိုင်လတတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ မိုးသီးနှံ ၁၃၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မိုးသီးနှံစုံလျာထား ၁၃၃၈ ဧကထိ စိုက်ပျိုးပြီးဖြစ်ပါတယ်။ မိုးသီးနှံတွေကို လျာထားချက်ပြည့်မီအောင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့အတွက် နည်းပညာနဲ့ စိုက်ပျိုးရေးနည်းပညာတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်အထိ ကွင်းဆင်းဆောင်ရွက်ပေးထားပါတယ်။ ဆက်လက်ပြီး စိုက်ပျိုးပြီးသီးနှံတွေအထွက်နှုန်းကောင်းစေဖို့၊ အရည်အသွေးကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်နဲ့ အခြားသဘာဝဘေးကြောင့် ပျက်စီးထိခိုက်တာမရှိစေဖို့ ဆောင်ရွက်ပေးထားပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

အဆိုပါစိုက်ပျိုးပြီးစီးပြီဖြစ်သည့် မိုးသီးနှံစုံတွင် ငရုတ်ဧက ၁၄၀၊ ကြံ ၅၈၅ ဧက၊ ကွမ်း ၄၅၅ ဧက၊ နန္နင်း ၁၄၅ ဧက၊ ဂုန်လျှော် တစ်ဧက၊ ချဉ်ပေါင်လျှော် ခုနစ်ဧက၊ နာနတ် ငါးဧကတို့ဖြစ်ကြောင်း သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန်၊ မျိုးစေ့များ၊ သွင်းအားစုများနှင့် အခြားလိုအပ်သည်များကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မင်းဘူးမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း မြေနီထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းဘူး ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျောက်စံ-ကုလားပါး ကျေးရွာချင်းဆက်လမ်း မြေနီထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၁၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိရွှေဇင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျောက်စံ-ကုလားပါး ကျေးရွာချင်းဆက်လမ်း မြေနီထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

မင်းဘူးမြို့နယ် ကျောက်စံ-ကုလားပါး ကျေးရွာချင်းဆက်လမ်း အရှည် ၁ ဒသမ ၄ မိုင်၊ အကျယ် ၁၆ ပေ၊ အမြင့် လေးလက်မရှိမြေနီထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၈၉ ဒသမ ၈ သိန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယခုနှစ် ဇွန် ၂၇ ရက်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိရွှေဇင်က ပြောပြ၍ သိရသည်။

**ဇင်မာ**

# ငါန်းဇွန်မြို့နယ် ဘုရားထူးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ငါန်းဇွန် ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာအုပ်စု ဘုရားထူးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၆ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)သည် ကျေးရွာလိုအပ်ချက်များကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ရွေးချယ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည့်စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးမိုးအောင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ငါန်းဇွန်မြို့နယ် ဘုရားထူးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ငါန်းဇွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**



# ကျေးဇူးမပစ် စည်းစိမ်ဖြစ် ဆန်းသစ်လပမာ

မောင်ဖြိုးမိုးသူ(ကြို့ပင်ကောက်)

**❖ ကိုယ့်အကြိုက်နှင့် မကိုက်ညီကြသည့်အခါတွင် အတွန်းအတိုက်သမားများ၊ အပင့်အထောင်သမားများ၊ ဘဝတူအချင်းချင်း ဖြတ်ကျော်တက်၊ နေရာလုချင်လွန်း၍ ကုန်းချော၊ မုသားပြော၊ ကပ်ပါးရပ်ပါး၊ ပါးလျက်နားလျက်၊ ရှက်ကြောပြတ်နေကြသူများ၊ ရေမျောကမ်းတင် ဗေဒါပင် နိုင်ငံရေးသမားအတုအယောင်များကို နားယောင်သာယာမိကြပြီဆိုမှဖြင့် ထိုနယ်ပယ်၊ ထိုအလွှာများသည် စည်းလုံးညီညွတ်မှုပြိုကွဲ၊ ဖရိုဖရဲဖြစ် အငြိုးသို၊ အမျက်ထား၊ အမုန်းပွား၊ အချင်းချင်း ရန်များကုန်ကြလေ့ရှိသည်။ ❖**

**“စေတနာကို ဝေဒနာဖြစ်ရတယ်”၊ “အရိပ်နေနေ အခက်ချိုးချိုး”၊ “ကျွေးတဲ့လက်ကို ပြန်ကိုက်တယ်”၊ “ကျေးဇူးရှင်ကို ကျေးစွပ်”၊ “ဖွတ်မိကျောင်းဖြစ် မြစ်မချမ်းသာ”** စသည့်ညည်းညူသံများက လူ့လောကတွင် ပလူပျံနေသည်မှာ မဆန်းလှတော့ပေ။

ပုဂ္ဂလိကတစ်ဦးချင်းစီသာမက အသင်းအဖွဲ့တချို့ရော ကုမ္ပဏီနှင့် ဌာနဆိုင်ရာတချို့ပါ ညည်းညူနေခဲ့ကြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအလိုက် အရှက်မရှိကြဘဲ မျက်နှာပြောင်တိုက်ကာ သစ္စာဖောက်သူများ၏ဒဏ်ကို ခံနေကြရသည်။ ယိုသူမရှက် မြင်သူရှက်စရာကောင်းလှသည့် ပုဆိန်ရိုး၊ ဥစ္စာရှူး၊ ရာထူးရှူး အတ္တဝါဒီများကတော့ ခေတ်အဆက်ဆက်တွင် ရှိနေခဲ့ကြသည်။

နေရာရချင်လွန်းသူများ၊ နေ့ချင်းညချင်းကြီးပွားချမ်းသာချင်လွန်းသူများ၊ ကျေးဇူးရှင်ကို သစ္စာဖောက်ချောက်ချနေကြသူများ၊ ကိုယ့်ကို ဦးဆောင်လမ်းပြပြီး လက်တွဲခေါ်နေပါလျက်နှင့် နောက်ကွယ်ကနေ အပုပ်ချ၊ လုပ်ကြံ၊ ကုန်းချော၊ မုသားပြောပြီး ကိုယ့်ဆရာ၊ ကိုယ့်ကျေးဇူးရှင်ကို ကျော်တက်ရန်ကြံစည်နေကြသူများ သူတို့ သူတို့သည် လောဘကြောင့် ဒေါသထွက်၊ အရှက်နည်းသည့်မောဟကပ်ပါလာပြီး မကြံစည်သင့်သည်ကို ကြံစည်ကြရင်းက ဟသာများ၏အလယ်တွင် ရှက်ဖွယ်လိလိဖြင့် မတင့်တယ်သည့် ကျီးငယ်ကဲ့သို့ ခံစားနေကြရသောဖြစ်ရပ်မျိုးများကား နေရာအနှံ့အပြားတွင် ရှိခဲ့ကြသည်။

(၃၈)ဖြာမင်္ဂလာတရားထဲတွင် **“ကတညုတာ=သူ့ကျေးဇူးကို သိပါ၊ ဆပ်ပါ”** ဟူသော မင်္ဂလာတစ်ပါးပါဝင်သဖြင့် နားယဉ်နေခဲ့ကြသည်။ ထိုနည်းတူပင် **“ကျေးဇူးရှင်ကို ကျေးစွပ်”** ဟူသော စကားကိုလည်း နားရည်ဝနေခဲ့ကြသည်။ တကယ်တော့မူလက **“ကျေးဇူးရှင် ကျည်းစွပ်”** ဖြစ်သည်။ **“ကျည်းစွပ်”** မှ **“ကျေးစွပ်”** ဖြစ်လာပုံမှာ ဤသို့ဖြစ်သည်။

ကျေးရွာတစ်ရွာရှိ ဆင်းရဲသည့်လယ်သမားတစ်ဦး၏ အိမ်အနီးတွင် ကြက်ဆူပင်တစ်ပင်ရှိသည်။ ထိုကြက်ဆူပင်ကို ဗိမာန်ပြုလုပ်ပြီး နတ်တစ်ပါးက မှီခိုနေခဲ့သည်။ ကြက်ဆူပင်စောင့်နတ်က သူ ဘေးမသီရန်မခဘဲ ကြက်ဆူပင်ကို မှီခိုနေရသဖြင့် အိမ်ရှင်လင်မယားကြီးပွားချမ်းသာအောင် ကြံဆောင်ချီးမြှင့်ပေးခဲ့သည်။ ထို့ကြောင့် လယ်သမားသည် စီးပွားတိုးတက်လာသောအခါ နွားများစွာကို ပိုင်ဆိုင်လာသည်နှင့်အမျှ နွားတင်းကုပ်ကို ကျယ်ကျယ်ချဲ့ခဲ့ရသည်။ နွားတင်းကုပ်ကို အကျယ်ချဲ့ဆောက်လုပ်ရင်းက တင်းကုပ်၏အပေါက်ဝနားရှိ ကြက်ဆူပင်ကိုမခုတ်လှဲဘဲ ကြက်ဆူပင်ကိုဖောက်ထွင်းပြီး တံခါးကျည်းစွပ်သွင်းထားခဲ့သည်။ တံခါးအဖွင့်အပိတ် ချက်ထိုးသည့်သဘောမျိုး ကျည်းအသွင်း၊ အထုတ်လုပ်နေခဲ့သည်။ ထို့ကြောင့် ကြက်ဆူပင်စောင့်နတ်က “ငါကတော့ စေတနာထားပြီး စီးပွားဖြစ်စေခဲ့တယ်။ အခုတော့ လယ်သမားက လွဲမှားဖောက်ပြန်၊ ငါ့ဗိမာန်ကို၊ ဖျက်ဆီးဖောက်ထွင်း၊ တံခါးကျည်းစွပ်သွင်းပြီး ထည့်လျှိုခြင်းပြုရက်တယ်။ လယ်သမားဟာ တရားမဆင်ခြင်၊ ငါကျေးဇူးရှင်ကို(ကျည်း)စွပ်ရက်လေတယ်” ဟု ရေရွတ်မြည်တမ်းခဲ့သည်ကို အကြောင်းပြုပြီး **“ကျေးဇူးရှင် ကျည်းစွပ်”** ဆိုသည့်စကားသည် **“ကျေးဇူးရှင် ကျေးစွပ်”** ဖြစ်လာခဲ့သည်ဟု ပြောစမှတ်ဖြစ်လာခဲ့သည်။

မှုခင်းဂျာနယ်များထဲတွင် ဖော်ပြပေးနေသည့် မှုခင်းမြောက်မြားစွာထဲတွင် ကျေးဇူးရှင်ကို ကျေးစွပ်မိခဲ့ကြရာမှ ဖြစ်ပွားခဲ့သည့် မှုခင်းကြီးငယ်အသွယ်သွယ်ကား တောင်လိုပုံနေသည်။ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ အလုပ်ရှင်နှင့် အလုပ်သမား၊ ဆွေမျိုးသားချင်း အချင်းချင်း၊ မိတ်ဆွေရောင်းရင်းသူငယ်ချင်းအချင်းချင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း၊ တစ်ဖက်သတ်ကျေးဇူးရှိနေကြများကို ကျေးစွပ်နေသည်များ၊ အပြန်အလှန်ကျေးဇူးရှိနေကြသူအချင်းချင်းကို လောဘ၊ ဒေါသ၊ မောဟ၊ ကာမဂုဏ်လောဘ၊ တဏှာကြောင့် စောင့်စည်းမှုမရှိကြတော့ဘဲ သစ္စာဖောက်၊ အကောက်ကြံ၊ ကျေးစွပ်နေကြသည်များ များပြားလာကြသည်။

ထို့ကြောင့် **“သားရွှေဥဆုံးမစာ”** တွင် **“ဂုဏ်ကျေးဇူးကို၊ ထိမ်မြုပ်ဖျောက်ချေ၊ သည်မိတ်ဆွေကို၊ သေစေတတ်မြို့၊ အဆိပ်တို့နှင့်၊ ပြုယို့ယွင်းမှား၊ ရောချိထားသား၊ ပျားကိုမယုဉ်၊ ဝေးစွာကြဉ်သို့၊ စင်လေသဖြင့်၊ ရှောင်အပ်သင့်၏”** ဟု ကျေးဇူးကန်းသူများကို ဝေးဝေးက ရှောင်ကြဉ်ကြရန် ဆိုဆုံးမထားခဲ့သည်။ ကျေးဇူးမသိတတ်သောမိတ်ဆွေမျိုးသည် အဆိပ်ရှိသည့်ပျားကဲ့သို့ ခပ်ဝေးဝေးက ဖယ်ခွာနေကြရန် ညွှန်းဆိုထားခြင်းပင်ဖြစ်သည်။

**“တောင်ဖီလာစကော်ရ”** ထဲတွင်လည်း **“တင်ပေဖူးသည်၊ ကျေးဇူးရှိလျက်၊ အဆပ်စက်”** ဟု ဆိုထားပြီး **“သြဝါဒထူးမျိုး”** တွင်လည်း **“အရည်သာဌား၊ အများကိုပင်၊ အောက်ပါကျင်လည်း၊ အရှင်ကျေးဇူး၊ ပျောက်ထိမ်မြုပ်က၊ ညစ်ညူးမည်ပင်၊ ဘယ်ဂုဏ်တင်အံ့”** ဟု ဆိုဆုံးမထားခဲ့သည်။

ထင်ရှားလှသည့်သာဓကတစ်ရပ်မှာ **“ဆရာကာပြန် အာခေါင်လှံစူး”** ဟူသော စကားပုံပင်ဖြစ်သည်။ ကျေးဇူးရှင် ဆရာသခင်ဖျိုင်းကို မိုက်ရိုင်းစွာကျေးစွပ်မိ၍ အာခေါင်ကိုလှံစူးသေဆုံးခဲ့ရသည်မဟုတ်ပါလား။ အာခေါင်ကို လှံစူးသေဆုံးရသည့်ဖြစ်ရပ်ထက် ဆိုးရွားလွန်းသည့်ဖြစ်ရပ်မှာ မြေမျိုခံခဲ့ရသည့် မုဆိုး၏ဖြစ်ရပ်ပင်။

မုဆိုးတစ်ဦးသည် တောထဲတွင် တောလည်ပြီး သားကောင်ရှာဖွေခဲ့ရင်းက ချောက်ကြီးထဲကျသွားခဲ့သည်။ ချောက်ထဲမှ ကယ်ပါကူပါတစာစာနှင့်အကူအညီတောင်းခံနေခဲ့သောမုဆိုးကို ဘုရားလောင်းမျောက်မင်းက သနားကြင်နာစိတ်ဖြင့် ကယ်တင်ကူညီခဲ့သည်။ ဘုရားလောင်းမျောက်မင်းသည် ကျောက်တုံးကြီးများကို သယ်မတွန်းရွှေ့ပြီး မုဆိုးကြီးချောက်ထဲမှ မြေပြင်ပေါ်သို့ရောက်နိုင်အောင် အပင်ပန်းခံပြီး ကူညီခဲ့သည်။ မုဆိုးကြီး မြေပြင်ပေါ်သို့ရောက်လာသောအခါ မျောက်မင်းက မောပန်းနွမ်းနယ်လွန်းနေသောကြောင့် မုဆိုးကြီး၏ပေါင်ပေါ်တွင် ခေါင်းတင်ပြီး မှေးစက်အနားယူနေခဲ့သည်။

မှေးစက်အနားယူနေခဲ့သော ကျေးဇူးရှင်မျောက်မင်းကို မုဆိုးကြီးက စိုက်ကြည့်နေရင်း “ဒီနေ့ သားကောင် တစ်ကောင်ကောင်ရအောင်ရှာခဲ့ရမယ်။ မရရင် အိမ်ကို လုံးဝပြန်မလာခဲ့နဲ့” ဟု သူ့မိန်းမက ကြိမ်းမောင်းအော်ဟစ်လွှတ်ခဲ့သည့်အသံကို ပြန်လည်ကြားယောင်နေခဲ့သည်။ မုဆိုးကြီးသည် သူ့မိန်းမကိုလည်း ကြောက်ရွံ့ရသူဖြစ်သဖြင့် အသက်သခင်ကျေးဇူးရှင်မျောက်မင်းကို အသက်သခင်ကျေးဇူးရှင်ပါလားဟု မမြင်တော့ဘဲ သားကောင်ဟု ထင်မြင်လာတော့သည်။ သားကောင်ကလည်း ဝေးဝေးတွင် ရှာဖွေစရာမလိုတော့ဘဲ သူ့ပေါင်ပေါ်တွင် အလွယ်တကူဖမ်းယူနိုင်မည်မှာ သေချာနေသောကြောင့် စိတ်ရိုင်းစိတ်မိုက်များ ဝင်လာခဲ့သည်။ ထို့ကြောင့် သူ့ပေါင်ပေါ်တွင် မှေးစက်နေသည့် မျောက်မင်း၏ဦးခေါင်းကို သူ့အနားတွင်တွေ့ရသည့် ကျောက်တုံးဖြင့် ထုချလိုက်ပါတော့သည်။

မျောက်မင်းခမျာလည်း ဦးခေါင်းကကျနေသည့် သွေးသံရဲရဲနှင့် နီးစပ်ရာသစ်ပင်တစ်ပင်ပေါ်ကို ပြေးတက်သွားခဲ့သည်။ မုဆိုးကြီးလည်း မျောက်မင်းကို ဖမ်းဆီးမရသောကြောင့် စိတ်ဓာတ်ကျပြီး အိမ်သို့ပြန်ရန် လမ်းရှာဖွေခဲ့သော်လည်း လမ်းမတွေ့၊ လမ်းစပျောက်နေသဖြင့် မျောက်မင်းကိုပင်လမ်းပြပေးပါရန် အကူအညီတောင်းခံခဲ့သည်။

ကျေးစွပ်သူ၊ ကျေးဇူးကန်းသူ မုဆိုးကြီး၏ မိုက်မဲလွန်းသည့်စရိုက်ကို မျောက်မင်းက မနှစ်သက်သော်လည်း သည်းခံခွင့်လွှတ်ကာ လမ်းပြပေးခဲ့သည်။ သို့သော် မုဆိုးကြီး၏ ယုတ်မာပက်စက်ကောက်ကျစ်မှုအကြံကို စက်ဆုပ်ကြောက်ရွံ့သောကြောင့် မုဆိုးကြီးနှင့် အလှမ်းဝေးသည့်သစ်ပင်များပေါ်မှ တစ်ပင်ကနေ တစ်ပင်ကို ခုန်လွှားကူးပြောင်းပြီး လမ်းပြပေးခဲ့သည်။ မုဆိုးကြီးကလည်း မျောက်မင်းခုန်လွှားကူးပြောင်းရာနောက် တကောက်ကောက်လိုက်ပါလာခဲ့ရင်းက စိတ်မိုက်စိတ်ရိုင်းများဝင်လာခဲ့ပြန်သည်။

သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ခုန်ကျော်လွှားကာ လမ်းပြနေသည့် မျောက်မင်း၏ဦးခေါင်းမှ ယိုစီးကျနေသောသွေးစက်များကို မုဆိုးကြီးက အောက်မှနေပြီး ပါးစပ်ဟခံသောက်မျိုရင်း လိုက်ပါလာခဲ့သည်။ သူ့ရွာအနီးသို့ ရောက်သောအခါ မျောက်မင်းက မုဆိုးကြီးကို ရွာဆီသို့ညွှန်ပြပြီး တောထဲသို့ပြန်ဝင်ချိန်မှာပင် အသက်သခင်ကို ကျေးစွပ်ခဲ့သောမုဆိုးကြီး မြေမျိုခံခဲ့ရပြီး ငရဲသို့ ရောက်သွားခဲ့ပါတော့သည်။

ကျေးဇူးရှင်ကို ကျေးစွပ်မိ၍ ငရဲသို့ရောက်သွားကြသူများရှိနေသကဲ့သို့ ရာဇဝင်တွင် စာတင်ခဲ့ရသည့် **“တစ်လုတ်စားဖူး သူ့ကျေးဇူး”** ဝိသေသထူးကလည်း ရှိနေပါသည်။ သမိုင်းသက်သေတည်နေဆဲပါ။

ငါးစီးရှင်ကျော်စွာသည် ပင်လယ်နယ်ပယ်ကို အပိုင်စားရသောအခါတွင် ညီတော်စစ်ကိုင်းမင်း အသင်္ချာစောယွမ်းကိုလုပ်ကြံရန် ကျွန်ယုံတော် ငခင်ညိုကို စေလွှတ်ခဲ့သည်။ ငခင်ညိုသည် စစ်ကိုင်းသို့ကူးပြီး အသင်္ချာစောယွမ်းကို လုပ်ကြံရန်ကြိုးစားသည့်အခါ အခွင့်မသာသောကြောင့် တောထဲတွင် သုံးရက်ကြာ ပုန်းအောင်းနေခဲ့ရသည်။ ထိုသုံးရက်လုံးလုံး ထမင်းလုံးဝမစားရသောအခါ ဆာလောင်နေခဲ့သည်။ ဆာလောင်နေသည့်ကြားမှပင် နန်းတော်ထဲသို့ရောက်အောင်သွားခဲ့ရင်းက နန်းတော်ထဲတွင် နတ်တင်ထားသည့် ပွဲတော်ထမင်းအုပ်ကိုတွေ့ပြီး ဆာဆာဖြင့်အားရပါးရစားသောက်ခဲ့သည်။ စားသောက်ပြီး နန်းဆောင်ထဲသို့ရောက်သွားသောအခါ အိပ်မောကျနေသော အသင်္ချာစောယွမ်း၏ ခေါင်းရင်းတွင်ရပ်ကာ “စောယွမ်းဟာ ငါ့ထမင်းရှင်ပါလား။ ငါ့ထမင်းရှင်၊ ကျေးဇူးရှင်ကို ငါပြစ်မှားမိရင် သံသရာမှာ အပြစ်ကြီးလွန်းတော့မယ်” ဟု ဆင်ခြင်ပြီး သူ့အရှင်သခင်ကျော်စွာက သူ့ညီတော်စောယွမ်းကိုပေးအပ်ထားသည့် ပတ္တမြားကျောက်စီဓားကိုပဲ ယူဆောင်လျက် နန်းဆောင်ထဲမှ ပြန်ထွက်လာခဲ့သည်။

ကျွန်ယုံတော်ငခင်ညိုသည် သူ့အရှင်သခင်ကျော်စွာထံသို့ ပြန်လည်ရောက်ရှိလာသောအခါတွင် ဖြစ်ကြောင်းကုန်စင်ကို ရှင်းလင်းလျှောက်ထားပြီး သူယူဆောင်လာခဲ့သည့် ကျောက်စီဓားကို သက်သေအထောက်အထားအဖြစ်ပေးအပ်ကာ သူ့ကိုသတ်လိုက သတ်ပါဟု အသနားခံလျှောက်ထားခဲ့သည်။ ထိုအခါတွင် သူ့အရှင်သခင်ကျော်စွာက ကျွန်ယုံတော်ငခင်ညိုကို အမျက်မသိုသည့်အပြင် “ထမင်းတစ်စလောင်းရှင်ကိုပင် ဒီလိုကျေးဇူးသိတတ်တဲ့ကျွန်ယုံငခင်ညိုဟာ ငါလို သူ့အပေါ်မှာ ကျေးဇူးတရားတွေ မြောက်မြားစွာရှိနေရင် ဒီထက်မက ပိုပြီးကျေးဇူးတုံ့တင်မှာဆိုဖွယ်ရာမရှိနိုင်ပါလား” ဟု ဆင်ခြင်တွေးတောနှစ်သက်သဘောကျပြီး ဆုလာဘ်တော်များ ပေးသနားခဲ့လေသည်။

လူ့လောကတွင် မုဆိုးကြီးနှင့်တူနေကြသည့် ကျေးစွပ်သူများရှိနေကြသကဲ့သို့ ကျွန်ယုံငခင်ညိုနှင့်တူနေကြသည့် ကျေးဇူးသိတတ်သူများလည်းရှိနေကြသည်။ နယ်ပယ်အသီးသီးနှင့် အလွှာမျိုးစုံတွင် မတူကွဲပြားသည့် ပုံသဏ္ဌာန်များနှင့်ရပ်တည်နေကြသည်။ သို့သော် လူ့သဘောသဘာဝအရ **“အများအကြိုက် ဆယ်ခါလိုက်လည်း မလိုက်တစ်ခါ ရှိခဲ့ပါမူ ကြီးစွာတစ်လီ ရန်သူမည်၏”** ဟု ဆိုစကားရှိသည့်နှယ် ကိုယ့်အကြိုက်နှင့် မကိုက်ညီကြသည့်အခါတွင် အတွန်းအတိုက်သမားများ၊ အပင့်အထောင်သမားများ၊ ဘဝတူအချင်းချင်းဖြတ်ကျော်တက်၊ နေရာလုချင်လွန်း၍ ကုန်းချော၊ မုသားပြော၊ ကပ်ပါးရပ်ပါး၊ ပါးလျက်နားလျက်၊ ရှက်ကြောပြတ်နေကြသူများ၊ ရေမျောကမ်းတင်ဗေဒါပင် နိုင်ငံရေးသမားအတုအယောင်များကို နားယောင်သာယာမိကြပြီဆိုမှဖြင့် ထိုနယ်ပယ်၊ ထိုအလွှာများသည်စည်းလုံးညီညွတ်မှုပြိုကွဲ၊ ဖရိုဖရဲဖြစ်အငြိုးသို၊ အမျက်ထား၊ အမုန်းပွား၊ အချင်းချင်းရန်များကုန်ကြလေ့ရှိသည်။

ပါတီအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများ တိုးတက်မှုမရှိကြဘဲ ကျဆုံးပျက်သုဉ်းသွားကြရခြင်းမှာ အရည်အချင်းမရှိကြဘဲ နေရာလုချင်ကြသူများနှင့် ဝမရှိဘဲ ဝိလုပ်ပြီး ကျေးစွပ်နေကြသူများကြောင့်ပင်ဖြစ်သည်။ ကျွန်တော်တို့၏မျက်စိရှေ့တွင် **“ဖွတ်မိကျောင်းဖြစ် မြစ်မချမ်းသာ”** ကိန်းဆိုက်နေကြသကဲ့သို့ **“ဘုရားကားအောက် မျောက်ကားအထက်”** ကပြက်ကချော်၊ ကသုတ်ကရက်၊ ရှပ်ပျက်ဆင်းပျက်၊ အမြင်ရခက်၊ အကြည့်ရခက်၊ အကြားရခက်နေကြသူများ ဒုနှင့်ဒေးပင်။

နေရာတကာတွင် ဖွတ် မိကျောင်းဖြစ်နေသူများက ဝင်ပါနေကြလေရာ ဂယက်မျိုးစုံထပြီးပွဲဆူနေကြသည်။ သူတို့မပါရင်ဘဲ အချို့လုပ်ငန်းစဉ်များ ပျက်စီးသွားတော့ မလိုလို၊ ကယ်တင်ရှင်ကြီးများ ဟိတ်ဟန်များဖြင့် မျက်စိရှုပ်၊ နားရှုပ်၊ မျောက်မူးလဲပုံသဏ္ဌာန်များလုပ်နေကြသည်။

လောကဓံတရားအရ **“နေကားထွက်ဝင်၊ ပေါ်ချုပ်ထင်၏၊ လလျှင်ပြည့်ကွယ်၊ ကြီး၍ငယ်၏၊ ထို့နှယ်မလွဲ၊ လူစပဲတို့၊ အမြဲချမ်းသာ၊ မရှိစွာရှင့်၊ အာဏာတန်ခိုး၊ အမျိုးညော်စိမ်၊ ဘုန်းဂုဏ်သိန်လည်း၊ ထင်တိမ်ပေါ်ငုပ်၊ ဖြစ်ချုပ်တတ်စွာ၊ မမွတာတည်၊ ခေါက်ရှာငှက်ပျံ၊ စင်ပုပ်ပျံနှင့်၊ လောကဓံဟု၊ ထုံးဓံတရား၊ ဤရှစ်ပါးကား၊ ပိုင်းခြားလူမှာ၊ မမြဲစွာတည်း”** ဟု **“မဃဒေဝလင်္ကာ”** တွင် သံဝေဂရကြစေရန် သြဝါဒပေးထားသည်ကို ခံစားနားလည်နေသော်လည်း ကျေးစွပ်သူများနှင့် ဖွတ် မိကျောင်းဖြစ်နေသူများကိုမြင်ရလေတိုင်း ခံပြင်းနာကြည်းနေမိသူများက ပြည်သူအများစုပါ။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၅၄၇၃ ဧက စိုက်ပျိုးပြီးစီး

**ကသာ ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၅၄၇၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၅၄၄၇ ဧကစိုက်ပျိုးရန်လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၄၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာခရိုင်မှာ ဒီနှစ်မိုးကာလ ငှက်ပျော ၅၄၄၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ အခု ငှက်ပျော ၅၄၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုနောက်ပိုင်းငှက်ပျောကို လယ်ကန်သင်းတွေမှာစိုက်တာမျိုးလဲ တွေ့လာရတယ်။ ပိုးမွှားရောဂါကျရောက်မှုလဲ သက်သာတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် ငှက်ပျောစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၆၆၂ ဧက၊ အင်းတော်မြို့နယ်တွင် ၈၅၃ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၇၉၃ ဧကနှင့် ဗန်းမောက်မြို့နယ်တွင် ၁၆၅ ဧက စုစုပေါင်း ၅၄၇၃ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၆၆၂ ဧက၊ အင်းတော်မြို့နယ်တွင် ၈၂၇ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၇၉၃ ဧကနှင့် ဗန်းမောက်မြို့နယ်တွင် ၁၆၅ ဧက စုစုပေါင်း ၅၄၄၇ ဧကဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် ငှက်ပျော ၅၄၇၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် ငှက်ပျော ၅၄၄၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကသာခရိုင်တွင် ငှက်ပျောစိုက်တောင်သူများအနေဖြင့် မြေတစ်ဧကလျှင် ငှက်ပျောအပင် ၁၀၀၀ ခန့်ထိစိုက်ပျိုးပြီး တစ်ဧကလျှင် ငှက်ပျောသီး သီးသည်ထိ စိုက်ပျိုးစရိတ်ငွေကျပ် သိန်း ၂၀ ထိကုန်ကျမှုရှိရာ ငှက်ပျောသီးထွက်ရှိချိန်တွင် တစ်ဧကလျှင် ငွေကျပ်သိန်း ၅၀ ခန့်ထိ ပြန်လည်ရရှိကြောင်း သိရသည်။ (၂၀၆)



➤ စာမျက်နှာ ၄ မှအဆက်

ထို့ကြောင့် "**သားရွှေကျေးဆုံးမစာ**"တွင် "**ပညာချို့တဲ့၊ ကျေးဇူးမဲ့က၊ ဆုတ်သည့်လသို့၊ ဓနမကြွ၊ ရွှေလျော့ရာ၏၊ ပညာမြော်မြင်၊ သူတော်အစစ်၊ ဖြစ်လာစဲ့က၊ ဆန်းသစ်လသို့၊ ကြွယ်ဝကုံလုံ၊ ဤလူ့ဘုံ၌၊ လုံးစုံဦးညွှတ်၊ ခြေဝပ်လျက်**"ဟု ဆုံးမထားသည့်အတိုင်း ပိုနေမြဲ ကျားနေမြဲ နေရာမှန်များသို့ ရောက်သွားကြပေလိမ့်မည်။

မည်သူပဲဖြစ်ဖြစ် ကိုယ့်အရည်အချင်းနှင့်ကိုယ်၊ တန်ရာတန်ရာကိုပဲ မှန်းသင့်ကြသည်။ ကိုယ့်တွင် ပွဲလယ်တင့်သည့်အရည်အချင်းရှိရဲ့လား။ ကိုယ်ကျင်လည်နေသည့်နယ်ပယ်ထဲတွင် ကိုယ့်အဆင့်က ဘယ်အဆင့်တွင် ရှိနေသလဲ။ ဘယ်လောက်အတွေ့အကြုံရှိနေပြီး ဘယ်လောက်ကျွမ်းကျင်နေပြီလဲ။ တစ်ကြောင်းစာကျက်စာရရုံမျှနှင့် တက်မာနအကြွားပြိုင်နေပြီလား။ ကိုယ့်မှာ ငွေကြေးခနေ၊ ကျွမ်းကျင်သည့်ပညာရပ်၊ ပေါင်းသင်းဆက်ဆံရေးအတိုင်းအတာ ဘယ်လောက်ရှိနေပြီလဲ။ စိန်နားကပ်ရောင်ကြောင့် ပါးပြောင်နေသည့် ကြောင်သူတော်ကြွက်သူခိုးဟာ ယိုတော့မှကြွက်ချေးလိုဖြစ်နေပြီလား။ တစ်ဖက်သားကြီးပွားချမ်းသာနေသည်ကို မနာလိုမရှုဆိတ်နှင့် ဖြတ်လမ်းကကျော်တက်ရန် ဆင်ကြံ ကြံနေလျှင် ဆင်နင်း၍သေသော မြင်းကန်၍ကြေဘဝကိုရောက်သွားကြမည်ဟု ပြောဆိုနေကြလေပြီ။

ထို့ကြောင့် "**သုတရတနာဆုံးမစာ**"တွင် "**စင်ပွန်းကျေးရူး၊ မထိမ်မြူး၊ အထူးလွန်ချမ်းသာ။ ရေးကတင်ဖူး၊ သူ့ကျေးရူး၊ အထူးဆပ်မှသာ။ ကျေးရူးချေပစ်၊ တရားလစ်၊ နှမ်းညစ်စည်းစိမ်ဟာ။ ကျေးရူးမပစ်၊ စည်းစိမ်ဖြစ်၊ ဆန်းသစ်လပမာ**"ဟု ဆိုဆုံးမထားခဲ့သည်။

ထို့ပြင် "**ပဥ္စဂုဏချို့**"တွင်လည်း "**များများမဟုတ်၊ တစ်လုတ်ထမင်း၊ တစ်ရွတ်ဟင်းကို ဝမ်းတွင်းလျှာရူး၊ သုံးရဖူးမူ၊ ထိုသူ့အား၊ ပြစ်မှားတစ်ရုံ၊ မကြံအပ်ပေ**"ဟု သတိပေးထားပါသေးသည်။ ကျေးဇူးကိုမဆပ်ချင်နေပါ ကျေးတော့မစွပ်ပါနှင့်၊ ကျေးဇူးမကန်းပါနှင့်၊ စိတ်ထဲကတောင် မပြစ်မှားပါနှင့်ဟု သတိပေးသည့်သဘောပင်ဖြစ်သည်။

လူမှန်လျှင် ဆင်းရဲချင်ဆင်းရဲပါစေ။ လူ့ကျင့်ဝတ်၊ လူ့သိက္ခာတော့ ရှိသင့်ကြသည်။ သိက္ခာကို ရိက္ခာနှင့်မလဲသင့်ကြပေ။ နေရာတကာတွင် လူစွာကြီးများလုပ်ချင်နေကြသောကြောင့် ဖွတ် မိကျောင်းဖြစ်နေကြသူများ၊ ဘုရားကားအောက်၊ မျောက်ကားအထက်နှင့် တတ်ယောင်ကားလုပ်စားနေကြသူများအားလုံးသည် "**ခွေးရူးကောင်းစား တစ်မွန်းတည့်**"ဆိုစကားနှင့် အညီ တစ်ခဏသာစံပြီး ယခုဘဝအပါအဝင် ဘဝပေါင်းများစွာတွင် ဝဋ်ကြွေးကြမ္မာခံကြရပေလိမ့်မည်။

"**ကတညုတ၊ ကတဝေဒီ၊ မသိတတ်သူ၊ ဗာလဟူ၏၊ ခွေးတူမထူး**"ဟု "**မဃဒေဝလင်္ကာ**"တွင် ဆိုထားသည့်နှယ် ခွေးနှင့်တူသောလူမိုက်များ၏ ဘဝနိဂုံးကား ပြည်ဖုံးကားအချတွင် ကျဆုံးပျက်စီးသွားကြပေလိမ့်မည်။

အချုပ်ဆိုရလျှင် "**ပြစ်မရှိပြစ်ရှာ၊ လမင်းကိုခွေးဟောင်လို့၊ ရွှေလရောင်ပြောင်မပျက်တယ်၊ ထွန်းလျက်ပင်သာ။ မြရွှေဝှ ပတ္တမြားကိုလ၊ ဝက်များက ဖြူစွာ၊ ညွှန်လူးကာတိုက်နဲ့၊ မှတ်လေလေဝှရွှေမှာ၊ အရောင်ထွက်တယ်၊ ရေးကထက်ကဲ**"ဟု မန်လည်ဆရာတော်ကြီး ဆိုဆုံးမဩဝါဒပေးထားသလို ကျေးဇူးကန်းသူများက မည်ကဲ့သို့ပင်ကျေးစွပ်ပြစ်မှား၊ စော်ကားသစ္စာဖောက်နေကြစေကာမူ ကျေးဇူးပြုထားကြသူ ကျေးဇူးရှင်များကတော့ ထာဝရဂုဏ်ရောင်တောက်ပနေကြပြီး ထာဝစဉ်အောင်ပန်းဆင်နေကြမည်မှာ လောကနိယာမပင်ဖြစ်သည်။

## နှလုံးသားဝယ် ဓမ္မတွယ်

- သာသနာ ရောင်ဝါလင်းပါလို့
  တွေ့ကြုံခြင်း ယခုအခါ၊
  ကုသိုလ်တွေ စိုက်ပျိုးထား
  ကြိုးစားကြပါ၊
  ဒါနနဲ့ သီလသာ
  ဘာဝနာ စုံလင်သေး၊
  မဂ္ဂင်ရယ် မြတ်ရှစ်ပါးတို့
  မှတ်သားကြလေး။

- ခန္ဓာကိုယ် ဖြစ်ပျက်ဘေး
  ရှုမြင်ပေး အမြဲလေ၊
  ဇာတိရယ် အစပြု
  ဖြစ်မှုမှန်ပေ၊
  ဇရာနဲ့ ဗျာဓိတွေ
  နှိပ်စက်နေ အမြဲတမ်း၊
  သုဘထင် အသုဘမို့
  သိကြမှတ်စမ်း။

- ခန္ဓာ့ဝန် ငါတို့တွေထမ်း
  ငြိမ်းအေးလမ်း ရွေးလျှောက်ပါ၊
  အရာရာ သင်္ခါရ
  မုချမှတ်ကာ၊
  အပူဓာတ် ကိလေသာ
  ရင်ထဲမှာ နှင်ထုတ်ထား၊
  နှလုံးသားဝယ် ဓမ္မထုံးလို့
  (အမြဲကွယ်)
  ရွှင်ပြုံးစေသား။ ။

**ဇေျမ်းရွာကျောင်းအိုသား**

# မင်းတုန်းမြို့နယ် ကန်လည်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းတုန်း ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး လိုအပ်သော ငွေကြေးအရင်းအနှီး ရရှိစေရန်ရည်ရွယ်၍ ကန်လည်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လှမျိုးသူက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ဦးနိုင်ဝင်းက စီမံကိန်းစက်ဝန်း ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၂၄ ဒသမ ၂ သန်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ကန်လည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၈ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀ကို ငွေကျပ် ၆ ဒသမ ၀၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို ငွေကျပ် ၂၄ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

## နိုင်ငံတကာ သတင်းများ

# ပြည်တွင်းဂျုံဈေးနှုန်းကို ထိန်းထားရေးအတွက် ရုရှားဂျုံများဝယ်ယူတင်သွင်းရန် အိန္ဒိယနိုင်ငံ ဆွေးနွေး



**ဒေလီ ဩဂုတ် ၁၇**

အိန္ဒိယနိုင်ငံသည် ရုရှားဂျုံများကို လျှော့ဈေးဖြင့် ဝယ်ယူတင်သွင်းရေးအတွက် ရုရှားတာဝန်ရှိသူများနှင့်ဆွေးနွေးနေကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြည်တွင်းဈေးကွက်၌ဂျုံဖြည့်ဆည်းပေးနိုင်စွမ်းကို မြှင့်တင်ရေး၊ ပြည်တွင်းစားသောက်ကုန်ဈေးနှုန်းများကြီးမြင့်မှုကို ထိန်းချုပ်ရေးတို့အတွက် ရုရှားဂျုံများ ဝယ်ယူတင်သွင်းရန် ဆွေးနွေးနေခြင်းဖြစ်ကြောင်း အိန္ဒိယအစိုးရ သတင်းအရင်းအမြစ်များက ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရသည် လာမည့်နှစ် အမျိုးသားရွေးကောက်ပွဲများမတိုင်မီ ပြည်တွင်းဂျုံဈေးနှုန်းမြင့်တက်မှုကိုထိန်းချုပ်ရေးအတွက် ရုန်းကန်နေရသည်။

သို့သော် ရုရှားဂျုံများဝယ်ယူတင်သွင်းမည်ဆိုပါက ဂျုံဈေးကွက်အတွင်း၌ ဂျုံဈေးနှုန်းလျှော့ချရေးအတွက် အိန္ဒိယအစိုးရအနေဖြင့် တိုက်ရိုက်ကြားဝင်စွက်ဖက်နိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်နှစ်များအတွင်း နှစ်နိုင်ငံဆွေးနွေးပွဲ သဘောတူညီချက်များဖြင့် ဂျုံကို ဝယ်ယူတင်သွင်းမှု မရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ပြည်တွင်းဂျုံဈေးနှုန်းကို လျှော့ချရေးအတွက် ရုရှားဂျုံကို တန်ချိန် သုံးသန်းမှ လေးသန်းထိသာ တင်သွင်းရန် လိုအပ်သော်လည်း အကျိုးသက်ရောက်မှု ပိုမိုအားကောင်းရေးအတွက် ရုရှားဂျုံကို တန်ချိန် ရှစ်သန်းမှ ကိုးသန်းထိ ဝယ်ယူတင်သွင်းသွားဖွယ် ရှိကြောင်း သိရသည်။

KKO

# အီရန်နိုင်ငံခြားရေးဝန်ကြီး အက်ဘ်ဒူလာဟီအန် ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်မည်

**တီဟီရန် ဩဂုတ် ၁၇**

အီရန် နိုင်ငံခြားရေးဝန်ကြီး ဟော့စိန်းအမီရာ အက်ဘ်ဒူလာဟီအန်သည် ယနေ့တွင် ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါခရီးစဉ်သည် နှစ်ပေါင်းအတန်ကြာကာလအတွင်း အီရန်နိုင်ငံခြားရေး ဝန်ကြီးတစ်ဦး၏ ပထမဆုံး ဆော်ဒီအာရေဗျနိုင်ငံခရီးစဉ်ဖြစ်သည်။

၂၀၁၆ ခုနှစ်မှစ၍ သံတမန်ဆက်ဆံရေး ပြတ်တောက်ခဲ့သော ဆော်ဒီအာရေဗျနှင့် အီရန်တို့သည် နှစ်နိုင်ငံပုံမှန်သံတမန်ဆက်ဆံရေး ပြန်လည်စတင်ရန် တရုတ်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းပေးမှုအရ ယခုနှစ် မေလအတွင်းက သဘောတူခဲ့ကြသည်။

အီရန် နိုင်ငံခြားရေးဝန်ကြီးသည် နှစ်နိုင်ငံမြို့တော်များ၌ သံရုံးများ ပြန်လည်ဖွင့်လှစ်နေကြစဉ်မှာပင် ဆော်ဒီအာရေဗျသို့ သွားရောက်ရန် စီစဉ်ထားခြင်းဖြစ်သည်။

အီရန် နိုင်ငံခြားရေးဝန်ကြီး၏ ဆော်ဒီခရီးစဉ်တွင်ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီးသစ်လည်း လိုက်ပါသွားမည်ဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံသို့ လက်ရှိ နိုင်ငံခြားရေးဝန်ကြီးအမီရာအက်ဘ်ဒူလာဟီအန်မတိုင်မီ ဆော်ဒီသို့ နောက်ဆုံး သွားရောက်ခဲ့သော အီရန် နိုင်ငံခြားရေးဝန်ကြီးမှာ မိုဟာမက်ဂျာဗက်ဇာရစ်ဖ် ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO



# ဖိလစ်ပိုင်နိုင်ငံ၏ ကာဆီနိုလောင်းကစားလုပ်ငန်းဝင်ငွေ ၂၀၂၈ ခုနှစ်တွင် လက်ရှိထက်နှစ်ဆတိုးလာနိုင်

**မနီလာ ဩဂုတ် ၁၇**

ဖိလစ်ပိုင်နိုင်ငံ၏ ကာဆီနိုလောင်းကစားလုပ်ငန်းဝင်ငွေသည် ၂၀၂၈ ခုနှစ်တွင် လက်ရှိထက်နှစ်ဆတိုးလာနိုင်ကြောင်း ဖိလစ်ပိုင် ကာဆီနို လောင်းကစားလုပ်ငန်း တာဝန်ရှိသူများ၏ အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဩဂုတ် ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

ချမ်းသာကြွယ်ဝသည့် တရုတ်လောင်းကစား ဝါသနာရှိသူများကဲ့သို့ ပြည်ပခရီးသွားများကို ပိုမိုဆွဲဆောင်လာနိုင်မှုကြောင့် ဖိလစ်ပိုင် ကာဆီနို လောင်းကစားလုပ်ငန်းဝင်ငွေသည် ၂၀၂၈ ခုနှစ်တွင် နှစ်ဆတိုးလာနိုင်သည်ဟုဖိလစ်ပိုင်တာဝန်ရှိသူများက ဩဂုတ် ၁၆ ရက်တွင် ပြောကြားထားကြောင်း သိရသည်။

ဖိလစ်ပိုင် တာဝန်ရှိသူများ၏ အဆိုအရ ဖိလစ်ပိုင်လောင်းကစားလုပ်ငန်းဝင်ငွေသည် နှစ်စဉ် ၁၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်ပြီး ၂၀၂၈ ခုနှစ်တွင် ပီဆိုငွေဘီလီယံ ၄၅၀ နှင့် ၅၀၀ ကြား (အမေရိကန်ဒေါ်လာ ၇ ဒသမ ၉ ဘီလီယံနှင့် ၈ ဒသမ ၈ ဘီလီယံကြား) ရရှိနိုင်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ကာဆီနိုလောင်းကစားလုပ်ငန်းဝင်ငွေသည် ၂၀၁၉ ခုနှစ်တွင် ပီဆိုငွေ ၂၅၆ ဘီလီယံထိရှိခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကပ်ဘေးကာလတွင် ဖိလစ်ပိုင် ကာဆီနို လောင်းကစားလုပ်ငန်းဝင်ငွေမှာ ကျဆင်းခဲ့ရသော်လည်း ၂၀၂၁ ခုနှစ်တွင် လုပ်ငန်းပြန်ကောင်းလာခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဝင်ငွေပီဆို ၂၁၄ ဘီလီယံထိ ရရှိခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကာဆီနို လောင်းကစားရုံပေါင်း လေးခုရှိပြီး နိုင်ငံတစ်ဝန်း၌ နောက်ခုထပ်မံဖွင့်လှစ်ရန်ဖိလစ်ပိုင်အစိုးရက ရည်ရွယ်ထားကြောင်း သိရသည်။

KKO

# ငွေကြေးခဝါချသူများအဖြစ် ယူဆရသော နိုင်ငံခြားသား ၁၀ ဦးကို စင်ကာပူရဲတပ်ဖွဲ့ ဖမ်းဆီး

**စင်ကာပူ ဩဂုတ် ၁၇**

စင်ကာပူရဲတပ်ဖွဲ့သည် ဩဂုတ် ၁၄ ရက်တွင် ငွေကြေးခဝါချမှု၊ ငွေတုလုပ်မှုတို့ကျူးလွန်နေသူများအဖြစ်ယူဆရသော ပြည်ပနိုင်ငံသား ၁၀ ဦးကို နိုင်ငံတစ်ဝန်းတစ်ချိန်တည်းစီးနင်းဖမ်းဆီးမှုများပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ စီးနင်းမှုများအတွင်း နိုင်ငံခြားသား ၁၀ ဦးနှင့်အတူ စင်ကာပူဒေါ်လာ တစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၃၇ သန်း) တန်ဖိုးရှိ ငွေစက္ကူများ၊ အိုးအိမ်ခြံမြေများ၊ ဇိမ်ခံကားများနှင့်အခြား သက်သေခံပစ္စည်းများကို သိမ်းယူနိုင်ခဲ့ကြောင်း စင်ကာပူရဲတပ်ဖွဲ့က ဩဂုတ် ၁၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

စင်ကာပူဒေါ်လာ ၈၁၅ သန်းတန်ဖိုးရှိ တိုက်တာခြံမြေများနှင့် မော်တော်ယာဉ် အစီး ၅၀ တို့ကို စင်ကာပူရဲတပ်ဖွဲ့က လက်လွှဲပြောင်းထားမြစ်ရေးအမိန့်များ ထုတ်ပြန်ထားသည်။

ရဲတပ်ဖွဲ့စီးနင်းမှုများအတွင်း ဖမ်းဆီးခံခဲ့ရသူများမှာ အသက် ၃၁ နှစ်နှင့် ၄၄ နှစ်အကြားရှိသူများဖြစ်ကြပြီး တရုတ်နိုင်ငံသားများ၊ တူရကီနိုင်ငံသားများ၊ ဆိုက်ပရပ်စ်နိုင်ငံသားများ၊ ကမ္ဘောဒီးယားနိုင်ငံသားများနှင့် ဗာနေတူနိုင်ငံသားများ ပါဝင်ကြောင်း စင်ကာပူရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ထို့ပြင် စင်ကာပူရဲတပ်ဖွဲ့သည် ဩဂုတ် ၁၄ ရက် စစ်ဆင်ရေးအတွင်း ဘဏ်စာအုပ်များ၊ တန်ဖိုးကြီး လက်ကိုင်အိတ်များနှင့် နာရီများ၊ လက်ဝတ်ရတနာများလည်း ပါဝင်ခဲ့သည်။

လက်ရှိအချိန်တွင် စင်ကာပူဗဟိုဘဏ်သည် အဆိုပါအမှုနှင့်ပတ်သက်၍ အခြားဘဏ္ဍာရေးအဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ KKO

# မလေးရှားနိုင်ငံ၌ အဝေးပြေးလမ်းပေါ်မောင်းနှင်နေသည့် မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်ပေါ်သို့ လေယာဉ်ငယ်တစ်စင်း ပျက်ကျ

**ကွာလာလမ်ပူ ဩဂုတ် ၁၇**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ဆင်ခြေဖုံး၌ ကိုယ်ပိုင်ဂျက်လေယာဉ်ငယ်တစ်စင်းလေဆိပ်သို့ ဆင်းသက်ရန်ကြိုးစားစဉ် အဝေးပြေးလမ်းပေါ်မောင်းနှင်နေသည့် မော်တော်ဆိုင်ကယ်တစ်စီးနှင့် မော်တော်ယာဉ်တစ်စီးတို့အပေါ် ပျက်ကျခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါလေယာဉ် ပျက်ကျမှုကြောင့် အနည်းဆုံးလူပေါင်း ၁၀ဦး သေဆုံးခဲ့ရကြောင်းမလေးရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ခရီးသည် ခြောက်ဦးနှင့် လေယာဉ်မှူးနှစ်ဦး လိုက်ပါလာသည့် ဘီချ်ခရပ်ဖ်၃၉၀ အမျိုးအစားငှင်းလေယာဉ်ငယ်သည် လေဆိပ်ဆင်းရန်ကြိုးစားစဉ် အယ်လ်မီနာအမည်ရှိ မြို့အနီးပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေယာဉ်ငယ်သည် လေကြောင်းထိန်း မျှော်စင်နှင့် အဆက်အသွယ် ပြတ်တောက်ခဲ့ပြီးနောက် အဝေးပြေးလမ်းပေါ် မောင်းနှင်နေသည့် မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်ပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ် ပျက်ကျမှုကြောင့် သေဆုံးခဲ့သူ ၁၀ ဦးအနက် နှစ်ဦးမှာ မြေပြင်ပေါ်တွင် ရှိနေသူများဖြစ်ကြသည်။



လက်ရှိအချိန်တွင် မလေးရှားတာဝန်ရှိသူများသည် လေယာဉ်ပျက်ကျခဲ့ရာနေရာ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေဆဲဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## လေဆာလက်နက်များတည်ဆောက်ရာတွင် အပူလွန်ကဲမှုပြဿနာကိုကျော်လွှားနိုင်မည့် အအေးပေးစနစ်ကို တရုတ်သိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိထား



**ပေကျင်း ဩဂုတ် ၁၇**

လေဆာလက်နက်များ တည်ဆောက်ရာတွင် အကြီးမားဆုံး စိန်ခေါ်မှုဖြစ်သည့် အပူလွန်ကဲမှု ပြဿနာကို ကျော်လွှားနိုင်မည့် အအေးပေးစနစ်ကို တရုတ်သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

စွမ်းအင်မြင့် လေဆာလက်နက်စနစ်များကို တိုက်ပွဲဝင်မောင်းသူမဲ့လေယာဉ်ကဲ့သို့ မောင်းသူမဲ့ယာဉ်ပျံများကို ဖျက်ဆီးရာတွင်အသုံးပြုသည်။

သို့ရာတွင် အသုံးပြုချိန်တွင် အပူလွန်ကဲလာတတ်မှုကြောင့် လေဆာလက်နက် တာဝန်ခံများအနေဖြင့် အအေးခံရန် လက်နက်စနစ်ကို ပိတ်ပစ်ရတတ်သည်။

သို့ရာတွင် လေဆာလက်နက်များ အပူလွန်ကဲမှုပြဿနာကို ဖြေရှင်းပေးနိုင်မည့် အအေးခံစနစ်တစ်ခုကို တရုတ်အမျိုးသားကာကွယ်ရေးနည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ဖန်တီးထားကြောင်း သိရသည်။

တရုတ် သိပ္ပံပညာရှင်များ၏ အဆိုပါ အအေးပေးစနစ်သည် ဓာတ်ငွေ့တစ်မျိုးကိုသုံး၍ လေဆာလက်နက်စနစ်အတွင်းရှိ အပူဓာတ်ကိုဖယ်ရှားပေးပြီး မူလအတိုင်း ဓာတ်ငွေ့လေဟာနယ်ကို ဆက်ထိန်းပေးထားနိုင်ကြောင်း သိရသည်။

အတွင်းလေဆာလမ်းကြောင်း အအေးခံစနစ်ကြောင့် လေဆာလက်နက်များအနေဖြင့် စွမ်းအင်မြင့် လေဆာရောင်ခြည်တန်းများကို အကန့်အသတ်မရှိ ထုတ်ပေးနိုင်မည်ဖြစ်သည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

လေဆာလက်နက် အအေးခံစနစ်တစ်မျိုးကို ဖန်တီးရေးအတွက် တရုတ်သိပ္ပံပညာရှင်များကဲ့သို့ပင် အမေရိကန် သိပ္ပံပညာရှင်များကလည်း ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

KKO


## နှစ်ပေါင်း ၅၀ ခန့်ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ရုရှားအာကာသယာဉ်တစ်စင်း လဆီသို့ရောက်ရှိခဲ့ပြီဖြစ်

**မော်စကို ဩဂုတ် ၁၇**

နှစ်ပေါင်း ၅၀ ခန့် ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ရုရှား အာကာသယာဉ်တစ်စင်း လဆီသို့ရောက်ရှိခဲ့ပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

ရုရှားအာကာသအေဂျင်စီက လွှတ်တင်ထားသော လူနာ-၂၅ လဆင်းယာဉ်သည် ဩဂုတ် ၁၆ ရက်တွင် လပတ်လမ်းအတွင်း ဝင်ရောက်သွားပြီဖြစ်ကြောင်း သိရသည်။

လူနာ-၂၅ လဆင်းယာဉ်သည် လပတ်လမ်းအတွင်းသို့ အောင်မြင်စွာဝင်ရောက်နိုင်ခဲ့ပြီး လက်ရှိအချိန်တွင် တပ်ဆင်ထားသည့် စနစ်အားလုံး ပုံမှန်လည်ပတ်နေကြောင်း ရုရှား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။



ရုရှားနိုင်ငံ၏ လူနာ-၂၅ လဆင်းယာဉ်ကို ဩဂုတ် ၁၀ ရက်တွင် ဆိုယုဇ် ၂-၁ ဘီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၇၆ ခုနှစ်တွင် လွှတ်တင်ခဲ့သော လူနာ-၂၄ မစ်ရှင်နောက်ပိုင်း ရုရှားနိုင်ငံ၏ ပထမဆုံးလဆင်းယာဉ် မစ်ရှင်ဖြစ်ကြောင်း၊ လူနာ-၂၅ လဆင်းယာဉ်သည် ဩဂုတ် ၂၃ ရက် သို့မဟုတ် ၂၄ ရက်တွင် လကမ္ဘာ တောင်ဝင်ရိုးစွန်းနယ်မြေပေါ်သို့ ဆင်းသက်မည်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ချန်ဒရာယန်း-၃ လဆင်းယာဉ်သည်လည်း အထက်ပါရက်ပိုင်းအတွင်းမှာပင် လကမ္ဘာ တောင်ဝင်ရိုးစွန်းသို့ ဆင်းသက်ရန် ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။ KKO

## နာဆာက ယူရိုပါကလစ်ပါအာကာသယာဉ်၌ ဆက်သွယ်ရေးရေဒီယို အင်တင်နာစနစ်ကို တပ်ဆင်ပေးခဲ့

**ဝါရှင်တန် ဩဂုတ် ၁၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)ကျွမ်းကျင်သူများသည် ယူရိုပါကလစ်ပါအာကာသယာဉ်၌ ဆက်သွယ်ရေးရေဒီယို အင်တင်နာစနစ်ကို ဩဂုတ် ၁၄ ရက်တွင် တပ်ဆင်ပေးခဲ့ကြကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ဆက်သွယ်ရေးရေဒီယို အင်တင်နာစနစ်သည် ယူရိုပါကလစ်ပါ အာကာသယာဉ်၌ တပ်ဆင်ထားသည့် စနစ်များအနက် အရေးအကြီးဆုံးနှင့် အရွယ်အစား အကြီးမားဆုံးဖြစ်ကြောင်း သိရသည်။

ယူရိုပါကလစ်ပါ အာကာသယာဉ်သည် ကြာသပတေးဂြိုဟ် ယူရိုပါဂြိုဟ်ရံလကို လေ့လာရေးအတွက် တည်ဆောက်ထားသော အာကာသယာဉ်ဖြစ်သည်။

ကမ္ဘာမြေနှင့်မိုင်ပေါင်း ၄၄၄ သန်းအကွာတွင်ရှိသည့် ယူရိုပါဂြိုဟ်ရံလသို့ ယူရိုပါကလစ်ပါ ရောက်ရှိချိန်တွင် အထက်ပါရေဒီယို အင်တင်နာစနစ်ဖြင့် အဆက်အသွယ် ပြုလုပ်နိုင်မည်ဖြစ်သည်။

အဆိုပါဆက်သွယ်ရေးရေဒီယို အင်တင်နာစနစ်၏ သတင်းအချက်အလက်ပေးပို့နိုင်စွမ်းမှာ လွန်စွာအားကောင်းကြောင်း နာဆာ တာဝန်ရှိသူများက ပြောကြားသည်။

နာဆာအဖွဲ့သည် ယူရိုပါကလစ်ပါ အာကာသယာဉ်ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

KKO

# HEALTH

## ရင်သားကင်ဆာရောဂါဖြစ်ဖူးသူများ တစ်ခါတစ်ရံ အရက်သောက်သုံးမှုကြောင့် ရောဂါတစ်ကျော့ပြန် ပေါ်လာနိုင်ခြေ မြင့်မားမှုမရှိ

**နယူးယောက် ဩဂုတ် ၁၇**

ရင်သားကင်ဆာရောဂါဖြစ်ဖူးသူများ၌ တစ်ခါတစ်ရံအရက်သောက်သုံးမှုကြောင့် ရောဂါတစ်ကျော့ပြန်ပေါ်လာနိုင်ခြေ မြင့်မားမှုမရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အရက်သောက်သုံးမှုသည် ရင်သားကင်ဆာဖြစ်ဖူးသူ လူနာများ၌ ရောဂါတစ်ကျော့ပြန်ပေါ်လာနိုင်ခြေ၊ ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေ မြင့်မားလာမှုနှင့်ဆက်စပ်မှု မရှိကြောင်း သိရသည်။

ယခင် ထွက်ပေါ်ခဲ့ဖူးသည့် ဆေးပညာလေ့လာချက်များတွင်မူ အရက်နှင့်ရင်သားကင်ဆာတို့ကြား ဆက်စပ်မှုရှိသည်ဟု တင်ပြခဲ့ဖူးကြောင်း သိရသည်။

သို့ရာတွင် အထက်ပါလေ့လာချက်အများအပြားမှာ ရင်သားကင်ဆာမဖြစ်ပွားမီ အရက်သောက်သုံးမှုကိုအခြေခံထားသည့် လေ့လာချက်များဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားထားသည်။

လက်ရှိအချိန်တွင် ရင်သားကင်ဆာလူနာများအတွက် အရက်သောက်သုံးမှုဆိုင်ရာ အကြံပြုလမ်းညွှန်ချက်များ မရှိသေးကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ ရင်သားကင်ဆာလူနာများအနေဖြင့် အရက်သေစာသောက်သုံးမှုကို လုံးလုံးလျားလျား ရှောင်ရှားရန် လိုအပ်ဖွယ်မရှိဟု အမေရိကန် သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

KKO

## သွေးကင်ဆာရောဂါအတွက် ခုခံအားစနစ်ကုထုံး စမ်းသပ်မှုရလဒ်များ အလားအလာကောင်းနေ

**လန်ဒန် ဩဂုတ် ၁၇**

သွေးကင်ဆာရောဂါလူနာများအတွက် ဗြိတိန်သုတေသနပညာရှင်များ ပြုလုပ်ခဲ့သည့် ခုခံအားစနစ်ကုထုံးများ စမ်းသပ်မှုမှထွက်ပေါ်လာသောရလဒ်များမှာ အလားအလာကောင်းနေကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် လတ်တလောအချိန်တွင် အမည်မပေးရသေးသော ခုခံအားစနစ်ဆေးဝါးများကို လက်တွေ့စမ်းသပ်မှုပေါင်း ၃၀ ခန့်ဖြင့် လေ့လာလျက်ရှိသည်။

ဆေးများ၏ အာနိသင်ကို ဆန်းစစ်ရေးအတွက် ပြုလုပ်ခဲ့သည့် အဆိုပါစမ်းသပ်မှုများမှ ထွက်ပေါ်လာသည့်ရလဒ်များမှာ Myeloma ခေါ် သွေးကင်ဆာရောဂါတစ်မျိုး ခံစားနေရသူများအတွက် အားတက်ဖွယ်ရလဒ်များဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

လက်တွေ့စမ်းသပ်မှုများအတွင်း ပုံမှန်ကုထုံးများကို တုံ့ပြန်မှုမရှိဟု Myeloma လူနာများအနက် သုံးပုံနှစ်ပုံမှာ ကုထုံးသစ်များအား တုံ့ပြန်နိုင်သည်ကိုတွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

ထိုနည်းတူ စမ်းသပ်နေသည့် ခုခံအားစနစ်ဆေးများကို ပေါင်းစပ်အသုံးပြုချိန်၌ လူနာ ၉၀ ရာခိုင်နှုန်းခန့်တွင် ကုထုံးတုံ့ပြန်မှုပေါ်ထွက်လာကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၂) ပွဲကြိုသုံးသပ်ချက်များ

ML

**လီဗာပူး Vs ဘုန်းမောက်**

**ကစားမည့်ရက်/အချိန် ၁၉-၈-၂၀၂၃ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘုန်းမောက် ၁ - ၀ လီဗာပူး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လီဗာပူး** | – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(သရေ)** |
| **ဘုန်းမောက်** | – | **အိမ်(ရှုံး)** | **အိမ်(နိုင်)** | **အိမ်(သရေ)** |

လီဗာပူးအသင်းဟာ အဖွင့်ပွဲစဉ်မှာ ချဲလ်ဆီးနဲ့တွေ့ဆုံခဲ့လို့ ရမှတ်ခွဲပေးရတာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ တိုက်စစ်မြှင့်ပြီး ရမှတ်ပြည့်ရယူဖို့ကြိုးစားလာမှာပါ။ ဘုန်းမောက်အသင်းကတော့ အဖွင့်ပွဲမှာသရေတစ်မှတ်ရခဲ့ပေမဲ့ ခြေစွမ်းပိုင်းနဲ့ကစားသမားစုဖွဲ့မှုက လီဗာပူးကိုယှဉ်လို့မရပါဘူး။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှုနဲ့ တိုက်စစ်ထက်မြက်နေတဲ့ လီဗာပူးအသင်းပဲအနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း – လီဗာပူး ၃ – ၁ ဘုန်းမောက်**

**ဖူလ်ဟမ် Vs ဘရန့်ဖို့ဒ်**

**ကစားမည့်ရက်/အချိန် ၁၉-၈-၂၀၂၃ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖူလ်ဟမ် ၃ – ၂ ဘရန့်ဖို့ဒ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဖူလ်ဟမ်** | – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |
| **ဘရန့်ဖို့ဒ်** | – | **ဝေး(သရေ)** | **အိမ်(သရေ)** | **အိမ်(သရေ)** |

ဖူလ်ဟမ်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အဲဗာတန်အသင်းကို နိုင်ပွဲရယူနိုင်ခဲ့ပြီး အသင်းလိုက်ကစားအားကောင်းနေတာကြောင့် အခုပွဲစဉ်မှာလဲ နိုင်ပွဲရှာဖို့ကြိုးစားလာမှာ သေချာပါတယ်။ ဘရန့်ဖို့ဒ်အသင်းကတော့ စပါးအသင်းနဲ့ပွဲစဉ်မှာ တိုက်စစ်ကစားပုံကောင်းပေမဲ့ ခံစစ်ပိုင်းလိုအပ်ချက်တွေရှိနေတာကြောင့် ဖူလ်ဟမ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားဖို့ ခက်ခဲမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားလာမဲ့ဖူလ်ဟမ်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဖူလ်ဟမ် ၂ – ၁ ဘရန့်ဖို့ဒ်**

## အီတလီစီးရီးအေ ပွဲစဉ် (၁) ပွဲကြိုသုံးသပ်ချက်

ML

**ဖရိုစီဝမ်း Vs နာပိုလီ**

**ကစားမည့်ရက်/အချိန် ၁၉-၈-၂၀၂၃ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရိုစီဝမ်း ၀ – ၂ နာပိုလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဖရိုစီဝမ်း** | – | **အိမ်(သရေ)** | **အိမ်(သရေ)** | **အိမ်(နိုင်)** |
| **နာပိုလီ** | – | **အိမ်(သရေ)** | **အိမ်(နိုင်)** | **အိမ်(နိုင်)** |

အခုရာသီမှ တန်းတက်လာတဲ့ ဖရိုစီဝမ်းဟာ အသင်းလိုက်ကစားအားကောင်းနေပေမဲ့ ခံစစ်ပိုင်းလိုအပ်ချက်ရှိနေသေးတာကြောင့် အခုပွဲစဉ်မှာ ရှုံးကန်ရမှာသေချာပါတယ်။ လက်ရှိချန်ပီယံ နာပိုလီကတော့ ချန်ပီယံဆုကို ဆက်လက်ထိန်းသိမ်းဖို့အတွက် အခုပွဲစဉ်မှာ ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမှာသေချာတာကြောင့် ဖရိုစီဝမ်း ခံစစ်ပိုင်းပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ပြီး ပေးဂိုးများသွားမှာပါ။ ဒါကြောင့် နိုင်ပွဲရှာဖို့ကြိုးစားလာမဲ့ လက်ရှိချန်ပီယံ နာပိုလီပဲ အနိုင်ပြတ်သွားမှာပါ။

**အင်တာနက်ခန့်မှန်း – ဖရိုစီဝမ်း ၁ – ၃ နာပိုလီ**

## အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းက ကွင်းလယ်ကစားသမားဟောင်း ဒေကို ကို အားကစားဒါရိုက်တာအဖြစ် ခန့်အပ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။
- အင်တာမီလန်အသင်းက ဘိုလော့ဂ်နာအသင်း တိုက်စစ်မှူး အန်နာတိုဗစ်ကို တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူခဲ့ကြောင်း သိရသည်။
- မန်စီးတီးအသင်းက လူငယ်ကစားသမား ပါရွန်နီကို လာလီဂါကလပ် လက်ပါးမက်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့်စေလွှတ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ ML

# ယူအီးအက်ဖ်အေစူပါကပ်ပြိုင်ပွဲတွင် ဆီဗီလာကိုအနိုင်ယူ၍ မန်စီးတီးအသင်း ဆုဖလားဆွတ်ခူး




**မန်ချက်စတာ ဩဂုတ် ၁၇**

ယူအီးအက်ဖ်အေ စူပါကပ်ပြိုင်ပွဲအဖြစ် ချန်ပီယံလိဂ်ချန်ပီယံ မန်စီးတီးအသင်းနှင့် ယူရိုပါလိဂ်ချန်ပီယံ ဆီဗီလာအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက ဆီဗီလာအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရခဲ့သောကြောင့် ဆုဖလားဆွတ်ခူးခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

စူပါကပ်ပြိုင်ပွဲတွင် မန်စီးတီးအသင်းသည် ကစားသမားအစုံအလင်ဖြင့်ပွဲထွက်လာခဲ့သော်လည်း ဆီဗီလာအသင်းကို ကွင်းလယ်ကစားကိုမယှဉ်နိုင်ခဲ့ဘဲ ပွဲကစားချိန် ၂၅ မိနစ်အရောက်တွင် တိုက်စစ်မှူး အန်ညက်ဆီရီက ဦးဆောင်ဂိုးသွင်းယူခဲ့ကာ မန်စီးတီးအသင်းကို တရစပ်ဖိအားပေးမှုများပြုလုပ်လာခဲ့သဖြင့် မန်စီးတီးအသင်းအခက်တွေ့ခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း မန်စီးတီးအသင်းသည် ကွင်းလယ်ပိုင်းအမှားအယွင်းများကြောင့် ဆီဗီလာအသင်း၏ ဂိုးပေါက်ကန်သွင်းမှုများကိုခံခဲ့ရသော်လည်း အီဒါဆန်၏ ကာကွယ်မှုကြောင့် သက်သာရာရခဲ့ပြီး ချေပဂိုးရရှိရေးအတွက် တိုက်စစ်ဆင်မှုများပြုလုပ်ခဲ့ရာ ပွဲချိန် ၆၂ မိနစ်တွင် ပယ်မာ၏ခေါင်းတိုက်ဂိုးမှ ချေပဂိုးရရှိခဲ့ကာ တစ်ဖက်တစ်ဂိုးစီဖြင့်ပွဲပြီးဆုံးခဲ့ပြီး အချိန်ပိုဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုတွင် တစ်ဖက်နှင့်တစ်ဖက်ဘောလုံးပိုင်ဆိုင်မှုအသားပေးကစားခဲ့မှုကြောင့် ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိသဖြင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ မန်စီးတီးအသင်းက ပင်နယ်တီသွင်းဂိုးများကို ဂိုးအဖြစ်ပြောင်းလဲနိုင်သော်လည်း ဆီဗီလာအသင်းက ပင်နယ်တီတစ်ကြိမ်လွဲချော်ခဲ့ရာ မန်စီးတီးအသင်းက ၅း၄ ဂိုးဖြင့်အနိုင်ရခဲ့ပြီး စူပါကပ်ကိုဆွတ်ခူးခဲ့သည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့် ကွန်မြူနတီဒိုင်းပွဲစဉ်က အာဆင်နယ်အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ၁၀ ရက်အကြာ လက်ရှိ စူပါကပ်ပြိုင်ပွဲတွင် ဆီဗီလာအသင်းကို ပင်နယ်တီတွင် အနိုင်ယူ၍ ယခုနှစ်ဘောလုံးရာသီ၏ ပထမဆုံးဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ ML

# ဆော်ဒီအသင်းက နည်းပြသစ်အဖြစ် အီတလီအသင်းနည်းပြဟောင်း မန်စီနီကိုခန့်အပ်ရန် သဘောတူညီမှုရရှိ

**ရိုယာ့ဒ် ဩဂုတ် ၁၇**

ဆော်ဒီနိုင်ငံဘောလုံးအဖွဲ့ချုပ်က လစ်လပ်နေသည့် ဆော်ဒီအသင်းနည်းပြရာထူးအတွက် ပြီးခဲ့သည့်ရက်ပိုင်းက အီတလီအသင်းနည်းပြရာထူးမှ ရှုတ်တရက်နုတ်ထွက်ခဲ့သည့် နည်းပြမန်စီနီကိုခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း Dello Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၅၈ နှစ်ရှိ နည်းပြမန်စီနီသည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က အီတလီအသင်းကိုစတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၎င်းတာဝန်ယူကိုင်တွယ်ခဲ့ရာတွင် အီတလီအသင်းကို ယူရို ၂၀၂၀ ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ခြေစစ်ပွဲမအောင်မြင်ခဲ့ဘဲ ပြိုင်ပွဲနှင့်လွဲချော်ခဲ့ရခြင်းဖြစ်သည်။

အီတလီအသင်းနှင့် နည်းပြမန်စီနီတို့ စာချုပ်သက်တမ်းမှာ လာမည့် ယူရို ၂၀၂၄ ပြိုင်ပွဲပြီးမှသာ ကုန်ဆုံးမည်ဖြစ်သော်လည်း ရှုတ်တရက် လမ်းခွဲခဲ့ပြီးနောက် ဆော်ဒီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကလည်း ဆော်ဒီအသင်းနည်းပြသစ်အဖြစ်ခန့်အပ်ရန် ကမ်းလှမ်းမှုများ ချက်ချင်းပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဆော်ဒီနိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြမန်စီနီကို တစ်နှစ်လုပ်ခစတာလင်ပေါင် ၃၄ သန်းဖြင့် လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲထိ တာဝန်ယူကိုင်တွယ်ရန် စတာလင်ပေါင် ၁၀၃ သန်းဖြင့် ကမ်းလှမ်းခဲ့ရာမှ ယခုအခါ နည်းပြမန်စီနီကိုယ်တိုင်ကလည်း လက်ခံခဲ့သည့်အတွက် သဘောတူညီမှုရရှိခဲ့ပြီး လာမည့် ၄၈ နာရီအတွင်း တရားဝင်ကြေညာရန် ဆော်ဒီနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပြင်ဆင်နေကြောင်း သိရသည်။ STA

# စတုဂတ်ကွင်းလယ်ကစားသမား အန်ဒိုကိုခေါ်ယူရန် လီဗာပူးအသင်း သဘောတူညီမှုရရှိ

**လန်ဒန် ဩဂုတ် ၁၇**

လီဗာပူးအသင်းသည် ဂျာမန်ကလပ် စတုဂတ်အသင်းတွင် ခြေစွမ်းပြသနေသည့် ကွင်းလယ်ကစားသမား အန်ဒိုကို ပြောင်းရွှေ့ကြေး ယူရို ၁၈ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လီဗာပူးအသင်းသည် အသက် ၃၀ ရှိ ကွင်းလယ်ခံစစ်ကစားသမား အန်ဒိုကိုခေါ်ယူခဲ့ရာတွင် အသင်း၏ အပြောင်းအရွှေ့စည်းမျဉ်းနှင့်ကိုက်ညီမှုမရှိသော်လည်း အသင်းအနေဖြင့် ကွင်းလယ်ခံစစ်ပိုင်းတွင် ဖာဘင်ဟိုနှင့် ဟန်ဒါဆန်တို့ကို လက်လွှတ်ခဲ့ရပြီးနောက် ခံစစ်ပိုင်းလိုအပ်ချက်အတွက် အန်ဒိုကို ပြောင်းရွှေ့ကြေး ယူရို ၁၈ သန်းဖြင့် အမြန်ဆုံးခေါ်ယူရန် ဆုံးဖြတ်ခဲ့ပြီး လက်ရှိတွင် ကစားသမားနှင့် ဆေးစစ်မှုပြုလုပ်ရန် စီစဉ်လျက်ရှိသည်။

ကွင်းလယ်ကစားသမား အန်ဒိုသည် ၂၀၁၉ ခုနှစ်က ဘယ်လ်ဂျီယံကလပ် စိန့်ထရွန်အသင်းမှ စတုဂတ်အသင်းသို့ပြောင်းရွှေ့ခဲ့ပြီး အသင်းကို လိဂ်-၂ ပြိုင်ပွဲမှ ဘွန်ဒက်လီဂါသို့ ရောက်ရှိအောင် ၎င်း၏စွမ်းဆောင်ရည်များဖြင့်ကူညီနိုင်ခဲ့သဖြင့် လီဗာပူးအသင်း အားကစားဒါရိုက်တာ ရှိတ်မက်ကီက နည်းပြကလော့ပ်၏ ကစားကွက်နှင့် ကိုက်ညီမှုရှိသည့်အတွက် အသင်း၏အပြောင်းအရွှေ့စည်းမျဉ်းကိုချိုးဖောက်၍ အန်ဒိုကိုခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂျပန်လက်ရွေးစင်ကစားသမား အန်ဒိုသည် ကွင်းလယ်ခံစစ်တွင်သာမက ဗဟိုခံစစ်ပိုင်းတွင်လည်း ပါဝင်ကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး ဘွန်ဒက်လီဂါ၏ အကောင်းဆုံး ကွင်းလယ်ကစားသမားများထဲတွင် ပါဝင်နေသူဖြစ်ကာ ပြီးခဲ့သည့်ဘောလုံးရာသီက အမှတ်ပေးပြိုင်ပွဲ ၃၃ ပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုး ၄ဂိုး သွင်းယူပြီး ဂိုးဖန်တီးမှုလေးကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့ကြောင်း သိရသည်။ ML



# တောင်အမေရိက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အမေရိကန်ကလပ် အင်တာမီယာမီအသင်း ကမ်းလှမ်းခံရ




**မိယာမီ ဩဂုတ် ၁၇**

တောင်အမေရိကဘောလုံးအဖွဲ့ချုပ်က တောင်အမေရိကချန်ပီယံလိဂ်ပြိုင်ပွဲ (ကိုပါလေဘာတာဒိုစ်ပြိုင်ပွဲ)တွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အမေရိကန်ကလပ် အင်တာမီယာမီအသင်းကို ကမ်းလှမ်းခဲ့သည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်း ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် ဒေးဗစ်ဘက်ခမ်း ပူးတွဲပိုင်ဆိုင်ထားသည့် အမေရိကန် မေဂျာလိဂ်ကလပ် အင်တာမီယာမီ အသင်းသည် အစောပိုင်းက အသင်းငယ်အဆင့်သာရှိသော်လည်း မက်ဆီပြောင်းရွှေ့ကစားခဲ့ပြီးနောက် နာမည်ကြီးသည့်အသင်းဖြစ်လာခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ပြီးခဲ့သည့် ဘောလုံးရာသီအကုန်က ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် အင်တာမီယာမီအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် နှစ်နှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ကစားနေသူဖြစ်ပြီး အင်တာမီယာမီ အသင်းအနေဖြင့်လည်း မက်ဆီရောက်ရှိလာခဲ့ပြီးနောက် အသင်းပုံရိပ်တဖြည်းဖြည်းမြင့်တက်လာခဲ့ပြီး ယခုအခါတွင်လည်း တောင်အမေရိကချန်ပီယံလိဂ်ပြိုင်ပွဲဝင်ရောက်ကစားရန်အတွက်ပင် ကမ်းလှမ်းခံခဲ့ရခြင်းဖြစ်သည်။

တောင်အမေရိက ဘောလုံးအဖွဲ့ချုပ်က အင်တာမီယာမီအသင်းကို တောင်အမေရိကချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ရောက်ကစားရန်အတွက် အာဂျင်တီးနားနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံဆက်သွယ်ကာ ကမ်းလှမ်းမှုများပြုလုပ်ထားပြီး ယခုအခါတွင် အာဂျင်တီးနားနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် အမေရိကန်နိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ဆက်လက်ဆွေးနွေးမှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။ STA

# Cincinnati Masters တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဂျိုကိုဗစ် တက်ရောက်

**ဝင်ဝင်နာတီ ဩဂုတ် ၁၇**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် စင်စင်နာတီမြို့တွင်ကျင်းပနေသည့် Cincinnati Masters တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် စပိန်တင်းနစ်ကစားသမားဖိုကီနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၄၊ ၀-၀) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့တက်ရောက်ခဲ့ကြောင်း TOE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




ဂျိုကိုဗစ်သည် ပြိုင်ပွဲကိုဒုတိယအဆင့်မှစတင်၍ ယှဉ်ပြိုင်ကစားခဲ့ရသူဖြစ်ပြီး ဖိုကီနာနှင့်ပွဲစဉ်တွင်လည်း ပွဲချိန်ပြည့်ကစားခဲ့ရခြင်းမရှိကြောင်း သိရသည်။

ဖိုကီနာသည် ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့ရပြီးနောက် ဒုတိယပွဲငယ်ကစားရန်ပြင်ဆင်နေစဉ် ဒဏ်ရာပြဿနာရှိနေသည့်အတွက် ပြိုင်ပွဲမှ ရပ်နားခဲ့ရသည်။

ဂျိုကိုဗစ်အနေဖြင့် အမေရိကန်မြေတွင် ၂၀၂၁ ခုနှစ်နောက်ပိုင်း ပထမဦးဆုံးအကြိမ် ပြိုင်ပွဲဝင်ခဲ့ခြင်းလည်းဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းမရှိသည့် ကစားသမားများကို ပြည်ဝင်ခွင့်မပြုသည့် အမေရိကန်အစိုးရ၏မူဝါဒကြောင့် အမေရိကန်နိုင်ငံတွင် ပြိုင်ပွဲဝင်နိုင်ခဲ့ခြင်းမရှိဘဲ မူဝါဒကို ပြန်လည်ရုပ်သိမ်းထားသည့်အတွက် ဂျိုကိုဗစ်အနေဖြင့် အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခွင့်ရခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်က "ဖိုကီနာဟာဒဏ်ရာပြဿနာရှိနေတဲ့အကြောင်း မနေ့ကတည်းက ကျွန်တော့်ကိုပြောပြခဲ့တယ်။ ဒဏ်ရာရှိနေပေမဲ့လဲ သူ့အနေနဲ့ပြိုင်ပွဲမှာတော့ တတ်နိုင်သလောက် ပါဝင်ယှဉ်ပြိုင်သွားခဲ့တယ်။ ပထမပွဲငယ်မှာအဆင်ပြေခဲ့ပေမဲ့လဲ ဒုတိယပွဲငယ်မှာဒဏ်ရာအခြေအနေ ဆိုးလာတဲ့အတွက်ကြောင့် ပြိုင်ပွဲကနေရပ်နားခဲ့ရတယ်။ သူ့အတွက် စိတ်မကောင်းဖြစ်မိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# 2023 CPKC Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ပေါလာရီတိုအပါအဝင် ကမ္ဘာ့အဆင့်ကစားသမားများ ပါဝင်ယှဉ်ပြိုင်မည်

**ဗန်ကိုဗား ဩဂုတ် ၁၇**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ဗန်ကိုဗားမြို့တွင် ကျင်းပမည့် 2023 CPKC Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ တောင်အာဖရိက ဂေါက်သီးရိုက်မယ် ပေါလာရီတိုအပါအဝင်ကမ္ဘာ့အဆင့်ကစားသမားအမြောက်အမြားပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက ပြိုင်ပွဲဝင်စာရင်းနှင့်တကွ ထုတ်ပြန်သွားခဲ့သည်ဟု Golf Canada သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

2023 CPKC Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ကစားသမားအမည်စာရင်းကို ထုတ်ပြန်ရာတွင် ကမ္ဘာ့အဆင့်(၁၀)အတွင်း ရပ်တည်နေသည့် ကစားသမား ကိုးဦးထိ ပါဝင်နေပြီး 2023 CPKC Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲ၏ သံတမန်အဖြစ် ခန့်အပ်ခံထားရသူ လက်ရှိကမ္ဘာ့အဆင့်(၁၀)တွင် ရပ်တည်နေသည့် ကနေဒါဂေါက်သီးရိုက်မယ် ဟန်ဒါဆင်သည်လည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

2023 CPKC Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် ချန်ပီယံဆုကိုသုံးကြိမ်ထိ ဆွတ်ခူးထားသည့် နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုသည်လည်း ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သလို ပြိုင်ပွဲ၏ သမိုင်းတစ်လျှောက် ဆုဖလားအများဆုံး ဆွတ်ခူးထားသည့် မှတ်တမ်းကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ရေး အတွက်လည်း ပစ်မှတ်ထားနေသည်။

ပြိုင်ပွဲကျင်းပရေးကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ ရိုင်ယန်ပေါလ်က "Shaughnessy Golf and Country Club ဂေါက်ကလပ်မှာ CPKC Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ကျင်းပဖို့စီစဉ်ထားတာ ၂၀၂၀ ပြည့်နှစ်ကတည်းကပါ။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြိုင်ပွဲကို Shaughnessy Golf and Country Club ဂေါက်ကလပ်မှာမကျင်းပဖြစ်ခဲ့ဘူး။ သုံးနှစ်ကြာမှပြန်စီစဉ်နိုင်ခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ပြင်သစ်လီဂူး ပွဲစဉ် (၂) ပွဲကြိုသုံးသပ်ချက်များ

STA

**လိုင်ယွန် Vs မောင့်ပယ်လီယာ**

**ကစားမည့်ရက်/အချိန် ၁၉-၈-၂၀၂၃ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုင်ယွန် ၅ - ၄ မောင့်ပယ်လီယာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လိုင်ယွန်** | **-** | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** |
| **မောင့်ပယ်လီယာ** | **-** | **ဝေး(သရေ)** | **ဝေး(သရေ)** | **အိမ်(သရေ)** |

အဖွင့်ပွဲစဉ်က ရှုံးပွဲကြုံထားတဲ့ လိုင်ယွန်အသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာတော့နိုင်ပွဲရယူနိုင်အောင်ကြိုးစားလာမှာပါ။ လက်ရှိ မောင့်ပယ်လီယာအသင်းရဲ့အဝေးကွင်းခြေစွမ်းပိုင်းကလဲ ပုံမှန်အနေအထားမှာမရှိဘဲ လိုင်ယွန်အသင်းနဲ့တွေ့ဆုံတိုင်း ရှုံးကန်ရလေ့ရှိနေပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ လိုင်ယွန်အသင်းနဲ့ပဲလက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - လိုင်ယွန် ၂ - ၁ မောင့်ပယ်လီယာ**

**တူးလော့ Vs ပီအက်စ်ဂျီ**

**ကစားမည့်ရက်/အချိန် ၂၀-၈-၂၀၂၃ (နံနက် ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ပီအက်စ်ဂျီ ၂ - ၁ တူးလော့**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **တူးလော့** | **-** | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |
| **ပီအက်စ်ဂျီ** | **-** | **အိမ်(ရှုံး)** | **ဝေး(နိုင်)** | **အိမ်(သရေ)** |

အခုပွဲစဉ်မှာ အဓိက တိုက်စစ်မှူးအမ်ဘက်ပီပြန်လည်ပါဝင်နိုင်မှာဖြစ်လို့ ပီအက်စ်ဂျီအသင်းတိုက်စစ်ပိုင်းက ကောင်းမွန်လာမှာပါ။ တူးလော့အသင်းရဲ့လက်ရှိခြေစွမ်းပိုင်းက ပီအက်စ်ဂျီအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့အတွက်ကတော့ ခက်ခဲနေမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ပီအက်စ်ဂျီအသင်းပဲနိုင်ပွဲရသွားမှာပါ။

**အင်တာနက်ခန့်မှန်း - တူးလော့ ၀ - ၄ ပီအက်စ်ဂျီ**

# စပိန်လာလီဂါ ပွဲစဉ် (၂) ပွဲကြိုသုံးသပ်ချက်

STA

**အယ်မာရီယာ Vs ရီးရဲလ်မက်ဒရစ်**

**ကစားမည့်ရက်/အချိန် ၁၉-၈-၂၀၂၃ (ည ၁၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရီးရဲလ်မက်ဒရစ် ၄ - ၂ အယ်မာရီယာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အယ်မာရီယာ** | **-** | **အိမ်(ရှုံး)** | **အိမ်(နိုင်)** | **အိမ်(ရှုံး)** |
| **ရီးရဲလ်မက်ဒရစ်** | **-** | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** | **ဝေး(နိုင်)** |

အယ်မာရီယာအသင်းအတွက် အိမ်ရှင်အားသာချက်တစ်ခုတည်းနဲ့ ရီးရဲလ်မက်ဒရစ်အသင်းကို ရင်ဆိုင်ရမှာပါ။ လက်ရှိ ရီးရဲလ်မက်ဒရစ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲကောင်းမွန်နေလို့ အယ်မာရီယာအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ဖိအားပေးနိုင်မှာပါ။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ရီးရဲလ်မက်ဒရစ်အသင်းပဲအနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - အယ်မာရီယာ ၁ - ၃ ရီးရဲလ်မက်ဒရစ်**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁) ပွဲကြိုသုံးသပ်ချက်

STA

**လေဗာကူဆင် Vs လိုက်ပ်ဇစ်**

**ကစားမည့်ရက်/အချိန် ၁၉-၈-၂၀၂၃ (ည ၀၈:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လေဗာကူဆင် ၂ - ၁ လိုက်ပ်ဇစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လေဗာကူဆင်** | **-** | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |
| **လိုက်ပ်ဇစ်** | **-** | **အိမ်(သရေ)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |

နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိဘူးဆိုပေမဲ့ လေဗာကူဆင်အသင်းရဲ့ အိမ်ကွင်းခြေစွမ်းပိုင်းကတည်ငြိမ်မှုရှိနေပါတယ်။ လိုက်ပ်ဇစ်အသင်းရဲ့ခံစစ်ပိုင်းက တည်ငြိမ်မှုမရှိသေးဘဲ ရှုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမဲ့ လေဗာကူဆင်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - လေဗာကူဆင် ၃ - ၂ လိုက်ပ်ဇစ်**

ခရီးသွားဆောင်းပါး

# ပုပ္ပားတောင်ကလပ်နှင့်တောင်မကြီး

သက်နိုင်(ပြင်ဦးလွင်)

ပုဂံ-ညောင်ဦး၊ ပုပ္ပား-ကျောက်ပန်းတောင်း၊ မြင်းခြံခရီးစဉ်ကို ဘုရားဂေါပကလူကြီးတွေနဲ့ ပြင်ဦးလွင်မြို့ကနေ ထွက်လာခဲ့ကြတာ ပုပ္ပားတောင်ကို ရောက်ရှိနေကြပါပြီ။ ခရီးစဉ်အနေအထားက အေးအေးဆေးဆေး ဖြစ်နေတာကြောင့် တောင်ပေါ်ကိုလဲ တဖြည်းဖြည်းနဲ့ သက်သက်သာသာ တက်ရောက်ကြမှာပါ။ စောင်းတန်းအောက်မှာ ဖိနပ်တွေကိုအပ်နှံခဲ့ကြပြီး လှေကားထစ်တွေအတိုင်း တက်လာကြတဲ့အချိန်မှာ လှေကားတွေက မတ်စောက်ခြင်းမရှိသေးဘဲ ပြေပြေပြစ်ပြစ်ရှိနေကြသလို အတက်လမ်း၊ အဆင်းလမ်းတွေအားလုံးမှာလဲ မျောက်ချီး(ချေး)တွေ၊ အမှိုက်တွေမရှိကြဘဲ သန့်သန့်ရှင်းရှင်းဖြစ်နေတာကို တွေ့မြင်နေရတယ်။ အရင် ပုပ္ပားတောင်ကိုရောက်ခဲ့တုန်းက အတက်လမ်း၊ အဆင်းလမ်းဆိုပြီး ခွဲခြားထားတာမျိုးမရှိဘဲ ကိုဗစ်-၁၉ ကာလရောက်မှခွဲခြားပိုင်းခြားထားလိုက်တာဖြစ်ကြောင်း သိလိုက်ရတယ်။

စောင်းတန်းလှေကားထစ်တွေအတိုင်း တက်လာကြရင်း မကြာခင်မှာ သန့်ရှင်းရေးဝေယျာဝစ္စလုပ်နေသူတစ်ယောက်ကို တံမြက်စည်းတစ်ချောင်းနဲ့အတူ တွေ့မြင်လိုက်ရတယ်။ သူက သန့်ရှင်းရေးကုသိုလ်ယူသွားပါအုံးဆိုတာနဲ့ ငွေကျပ် ၁၀၀၀ ကို ကုသိုလ်အဖြစ် ပါဝင်လှူဒါန်းခဲ့လိုက်တယ်။ သူတို့လိုမျိုး ဝေယျာဝစ္စကုသိုလ်ရှင်တွေ ရှိနေတာကြောင့် စောင်းတန်းလှေကားတွေတစ်လျှောက် သပ်ရပ်သန့်ရှင်းနေတာမို့ ပါဝင်လှူဒါန်းသင့်ပါတယ်။ သန့်ရှင်းရေးအတွက် ငွေကျပ် ၁၀၀၀ ကို ထည့်ဝင်လှူဒါန်းခဲ့ပြီး ဆက်လက်တက်ရောက်လာကြတဲ့အခါ မကြာခင်လှေကားအကွေ့တစ်ခုမှာလဲ သန့်ရှင်းရေးအတွက်ဆိုပြီး တံမြက်စည်းတစ်ချောင်းကိုင်ကာ အလှူခံနေသူတစ်ယောက်ကို တွေ့လိုက်ရလို့ နောက်ထပ် ငွေကျပ် ၁၀၀၀ ကို ထပ်မံလှူဒါန်းလိုက်ရတယ်။ ဒီလိုနဲ့ လှေကားအကွေ့တစ်ခုတိုင်းမှာ သန့်ရှင်းရေးအတွက် အကြောင်းပြပြီး အလှူခံနေတဲ့သူတွေရှိနေတာကြောင့် တောင်တစ်ဝက်မရောက်ခင် ငွေကျပ် ၁၀၀၀၀ လောက်ကုန်နေပါပြီ။ ဒါတောင် ၅၀၀၊ ၁၀၀၀ စသဖြင့် အလျဉ်းသင့်သလို ထည့်လှူနေတာပါ။ သန့်ရှင်းရေးအတွက် ငွေကျပ် ၁၀၀၀၀ လောက် ထည့်ဝင်လှူဒါန်းပြီးပြီမို့ ရှေ့စောင်းတန်းတစ်လျှောက်မှာ ထပ်မံတွေ့ရှိသူတိုင်းကို အောက်မှာထည့်ခဲ့ပါပြီဆိုပြီး ထည့်ဝင်လှူဒါန်းမှုမပြုတော့ဘဲ ဆက်လက်တက်ရောက်လာခဲ့ရတယ်။ တံမြက်စည်းတစ်ချောင်းကိုင်ပြီး အလှူခံနေကြတဲ့သူတိုင်းကို ထည့်ဝင်လှူဒါန်းခဲ့မယ်ဆိုရင် ပြင်ဦးလွင်ကနေ ပုပ္ပားရောက်တဲ့ထိ ကုန်ကျတဲ့ခရီးစရိတ်လောက် ဖြစ်သွားတော့မှာပါ။

တောင်ပေါ်ကိုတက်ရောက်လာတဲ့အခါ အသက်အရွယ်ကြီးနေကြပြီဖြစ်တဲ့ လူကြီးတွေကိုစောင့်ရင်း နားရင်းတက်နေရတာကြောင့် တဖြည်းဖြည်းမြင့်လာတဲ့ တောင်ပေါ်နေရာတွေကနေ ပတ်ဝန်းကျင်ရှုခင်းတွေကို နားနားနေနေနဲ့ ကြည့်မြင်ခွင့်ရနေတယ်။ တစ်နေရာကိုရောက်တိုင်း အနိမ့်၊ အမြင့်၊ အနီး၊ အဝေးတွေပြောင်းလဲလာတဲ့ရှုခင်းတွေက တစ်ခုနဲ့တစ်ခု မတူကြတော့ပါဘူး။ အရင်အခေါက်တွေ ပုပ္ပားတောင်ကိုတက်ခဲ့တုန်းက တောင်ထိပ်ပေါ်ရောက်အောင် အစိကထား ကြိုးစားတက်ခဲ့ရင်း တောင်ပေါ်ရောက်မှ ပတ်ဝန်းကျင်တစ်ခွင်က ရှုခင်းတွေကို တဝကြီးကြည့်ရှုခံစားခဲ့ရတယ်။ အခုတက်နေတဲ့တောင်ပေါ်ခရီးက ပိုပြီးစေ့စပ်သေချာ နေရာစုံ၊ မြင်ကွင်းစုံတွေကို မြင်တွေ့နေရတယ်။

တောင်ပေါ်ကိုတက်ရောက်နေကြတဲ့ ခရီးဖော်လူကြီးတွေအားလုံးက အသက် ၈၀ လောက်တွေနဲ့ အသက် ၈၀ ကျော်အရွယ်တွေပါ။ သူတို့တွေက ပုပ္ပားတောင်ပေါ်ကိုတက်တာ ဒီတစ်ခေါက်တော့ နောက်ဆုံးလို့ထင်ပါတယ်ဆိုပြီး တောင်ထိပ်ပေါ်ထိရောက်အောင် ဇွဲနပဲနဲ့ ကြိုးစားတက်ရောက်လာကြတာ ချီးကျူးစရာကောင်းနေပါတယ်။ ဒီလို အသက်အရွယ်ကြီးရင့်သူတွေ တောင်ထိပ်ပေါ်ထိရောက်အောင် တက်ကြတာ ရှားပါးပါလိမ့်မယ်။ မိမိရဲ့ခရီးဖော်အားလုံးကတော့ တောင်ထိပ်ပေါ်ထိ အောင်အောင်မြင်မြင် ရောက်ရှိလာကြတယ်။ တောင်ပေါ်ကို လူစုံတက်စုံ ရောက်ရှိလာတဲ့အခါမှာလဲ သာယာလှပတဲ့ရှုခင်းတွေကို အေးအေးဆေးဆေး ကြည့်ရှုခံစားကြရတယ်။

ပုပ္ပားတောင်ဆိုတာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း တည်ရှိနေပြီး ကျောက်ပန်းတောင်းမြို့ရဲ့ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာမှာပါ။ ပထဝီဝင်အနေအထားအရ ပဲခူးရိုးမရဲ့မြောက်ဘက်စွန်းမှာ သီးခြားတည်ရှိနေတဲ့ တောင်တန်းကြီးဖြစ်တယ်။ မြေပြန့်ပတ်ဝန်းကျင် ဒေသမှာ ထူးထူးခြားခြား ထိုးထွက်ဖြစ်ပေါ်နေတဲ့ တောင်ကုန်း၊ တောင်တန်း အစုအဝေးကြီးတစ်ခုဖြစ်တာနဲ့အညီ ရာသီဥတုကြည်လင်ကောင်းမွန်နေတဲ့ အချိန်တွေဆိုရင် မိုင် ၄၀ အကွာမှာရှိနေတဲ့ ပတ်ဝန်းကျင်တစ်ခွင်က မြင်ကွင်းတွေနဲ့ ရှမ်းကုန်းမြေမြင့်ကြီးတွေကိုပါ မြင်တွေ့ရတယ်ဆိုပါတယ်။ ခရီးမိုင်တွေအရ မိတ္ထီလာမြို့နဲ့ ၆၃ မိုင်၊ ချောက်မြို့နဲ့ ၃၅ မိုင်၊ ရေနံချောင်းမြို့နဲ့ ၄၅ မိုင်၊ မြင်းခြံမြို့နဲ့ ၄၈ မိုင် ကွာဝေးနေတယ်။

ပုပ္ပားတောင်ကလပ်ကို တောင်ကလပ်၊ နဂါးရစ်တောင်၊ ပန်းပေးတောင်၊ ဘဇဂါမ်တောင်၊ ဝဏ္ဏာယက္ခတောင်၊ ဝိဇ္ဇာဓရတောင်ဆိုပြီး အမည်ခြောက်မျိုးနဲ့ ခေါ်ဆိုလေ့ရှိကြပါတယ်။ ပုပ္ပားတောင်မှာ ပန်းပဲလုပ်ငန်းမထွန်းကားတာ၊ မြေအိုးမြေခွက် စတဲ့ မြေထည်လုပ်ငန်းတွေလုပ်ကိုင်လို့ မကြီးပွား မချမ်းသာတာ၊ ဇာတ်၊ ရုပ်သေးပွဲသဘင် တည်ထောင်လုပ်ကိုင်လို့မရတာ၊ ဆေးပေါင်းစုံပေါ်များတာ၊ ပန်းမျိုးစုံပေါ်များတာ၊ နတ်မြင်းရှိတာ၊ စိမ့်စမ်းရေထွက်ပေါ်များတာ၊ နတ်ကျားရှိတာ၊ မြွေဆိုးမရှိတာ စတဲ့အံ့ဖွယ်ကိုးပါး ရှိတယ်လို့ လေ့လာသိရှိရပါတယ်။

တောင်ကလပ်လို့ ခေါ်ဆိုကြတာက ကလပ်ပုံ သဏ္ဌာန်ဖြစ်နေတဲ့ တောင်ကြောင့်ပါ။ ရှေးဟောင်းစာပေ မှတ်တမ်းမှတ်ရာတွေမှာ နဂါးရစ်လို့ ခေါ်ဆိုထားကြတယ်။ ပုဂံဘုရင် ပျူစောထီးလက်ထက်တုန်းက အရိမဒ္ဒနာကို တည်ထောင်မင်းပြုစဉ် ပုပ္ပားတောင်ရှိရာကိုသွားရောက်ပြီး တောင်တော်မှာရှိတဲ့ နတ်အပေါင်းတို့ကို ခုနစ်ရက်တိုင်တိုင် နတ်စာကျွေးတဲ့အခါ နဂါးတွေကလဲ ပျော်ရွှင်ဝမ်းမြောက်ပြီး တောင်ကလပ်ကြီးကို ရစ်ပတ်လှည့်လည်ခဲ့တာကြောင့်လို့ ဆိုစမှတ်ရှိခဲ့တယ်။ ပန်းပေးတောင်လို့ခေါ်တာကတော့ ပန်းတော်ဆက်ဗျတ္တကို ပန်းစားဘီလူးမ မယ်ဝဏ္ဏက ကူညီပန်းခူးပေးရာတောင် ဖြစ်ခဲ့တာကြောင့် ခေါ်ဆိုခဲ့ကြတာပါ။ ဘဇဂါမ်ရဲ့အဓိပ္ပာယ်ကို ဆည်းကပ်မှီဝဲရာ ရွာလို့ ဖွင့်ဆိုကြပါတယ်။ ပုပ္ပားတောင်ကို ရှေးအခါက နတ်တောင်ကြီးမှတ်ယူကြပြီး ကိုးကွယ်ဆည်းကပ်ခဲ့ကြတာကြောင့် ဘဇဂါမ်တောင်လို့ခေါ်ဆိုကြောင်း သိရှိထားရတယ်။ ဝဏ္ဏာယက္ခတောင်ဆိုတာကတော့ ဘီလူးမ မယ်ဝဏ္ဏာနေထိုင်တဲ့အတွက် မယ်ဝဏ္ဏာကိုရည်ညွှန်းပြီး ခေါ်ဆိုခဲ့ကြတာပါ။ ဝိဇ္ဇာဓရတောင်ဆိုတာကလဲ ဝိဇ္ဇာဇော်ဂျီတွေ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေ နေထိုင်ရာဒေသဖြစ်တဲ့အတွက် ဝိဇ္ဇာဓရတောင်လို့ ခေါ်ဆိုခဲ့ကြကြောင်း မှတ်သားရပါတယ်။



ပုပ္ပားတောင်မကြီးကို တောင်ကလပ်ပေါ်မှတွေ့ရစဉ်။

အံ့ဖွယ်ကိုးပါးဖြစ်တဲ့ ပန်းပဲလုပ်ငန်းမထွန်းကားခြင်းဆိုတာ ပန်းပဲလုပ်ငန်းနဲ့အသက်မွေးတဲ့ ပန်းပဲမောင်တင့်တယ်နဲ့ ပတ်သက်နေတယ်လို့ဆိုကြသလို ပုပ္ပားဒေသက သံသတ္တုထွက်ရာဒေသမဟုတ်တဲ့ အတွက်ကြောင့်လဲ ဖြစ်နိုင်တယ်လို့ ဆိုကြတယ်။ နောက်ထပ်တစ်ခါ ပုပ္ပားဒေသက ရှေးခေတ်အခါ မီးတောင်ဒေသဖြစ်ခဲ့တာကြောင့် မြေအမျိုးအစားတွေကလဲ အိုးလုပ်ငန်း၊ မြေထည်လုပ်ငန်းတွေ လုပ်ကိုင်လို့မရတဲ့ ချော်ရည်၊ ချော်ခဲမြေတွေသာ ရှိနေတယ်။ မြေထည်လုပ်ငန်းအတွက် လိုအပ်တဲ့ ရွှံ့စေးမြေမျိုးတွေကို ရှာဖွေလို့မရနိုင်ဘူးလို့ ဆိုကြတယ်။

ပုပ္ပားတောင်ဒေသက တောရွာကြီး၊ မြို့ငယ်လေး အဆင့်သာဖြစ်နေတဲ့အပြင် ပန်းပဲမောင်တင့်တယ်တို့ နတ်မောင်နှမရဲ့ ကြောက်ခွဲဖွယ်ရာဘဝနိဂုံးကြောင့်လဲ ရုပ်သေးဇာတ်ပွဲသဘင်တွေ တည်ထောင်လုပ်ကိုင်လို့ မရကြောင်း မှတ်သားထားရတယ်။ တောကြီးတောင်ကြီးတွေရှိတဲ့အတွက် သဘာဝဆေးဖက်ဝင် သစ်ဥ၊ သစ်ဖု၊ သစ်မြစ်တွေက ဒီနေ့ထက်တိုင် အလွန်ပေါများကြွယ်ဝနေတယ်။ ပန်းမျိုးစုံပေါများတယ်ဆိုတာကလဲ ပုဂံခေတ် အနော်ရထာမင်းအတွက် ဗျတ္တကိုယ်တိုင် ပန်းတွေလာရောက်ခူးယူရတဲ့ သာဓကက ထင်ရှားနေပါတယ်။ ပုဂံပြည်ကနေ ပုပ္ပားထိလာရောက်ခူးယူရတာပါ။ နတ်မြင်းရှိတယ်ဆိုတာ သဘာဝအလျောက် ဖြစ်ပေါ်နေတဲ့ ကျောက်ရုပ်ကြီးတွေကို ဆိုလိုကြောင်း သိထားရတယ်။ တစ်ကောင်က အလျား ၁၁ ပေ၊ အမြင့် ခြောက်ပေရှိပြီး နောက်တစ်ကောင်က အလျား ၁၇ ပေ၊ အမြင့် ၁၀ ပေခန့်နဲ့ မောင်တော်နတ်ကွန်းရဲ့ အနောက်တောင်ဘက်နားမှာ တည်ရှိနေကြတယ်။

ပုပ္ပားတောင်မှာ သဘာဝအလျောက်ထွက်ရှိနေတဲ့ စိမ့်စမ်းရေထွက်တွေလဲ အလွန်ပေါများပြီး သမိုင်းအစဉ်အလာ မှတ်သားထားချက်တွေအရ ၁၇၅ ခုရှိတယ်လို့ ဆိုတယ်။ ဒါကြောင့် စိမ့်စမ်းရေထွက်ပေါ်များတာကလဲ အံ့ဖွယ်တစ်ခုအဖြစ် ပါဝင်နေတယ်။ နတ်ကျားရှိတယ်ဆိုတာက မင်းမဟာဂီရိတို့ နတ်မောင်နှမနဲ့ ပတ်သက်နေပြန်တယ်။ မင်းမဟာဂီရိကို မရိုမသေပြုမူဆက်ဆံရင် နတ်ကျားက မရိုမသေပြုသူတွေရဲ့ ကျွဲ၊ နွားတိရစ္ဆာန်တွေကို ကိုက်ဖြတ်စားသောက်တယ်လို့ အဆိုရှိကြတယ်။ ပုပ္ပားတောင်လို အပူပိုင်းဒေသမှာ မြွေဆိုးမရှိဘူးဆိုတာက တကယ့်ကိုအံ့ဖွယ်တစ်ပါးပါ။ ဒါပေမဲ့ ပုပ္ပားတောင်ကို အပူပိုင်းဒေသရဲ့ အိုအေစစ်လို့ တင်စားခေါ်ဆိုနေကြတဲ့အတိုင်း ရာသီဥတု အေးမြနေတာနဲ့ မီးတောင်မြေသဘာဝအနေအထားအရ အဆိပ်ပြင်းတဲ့မြွေဆိုးတွေ နေလို့မရတာဆိုပြီး ယူဆကြတယ်။

ပုပ္ပားတောင်ထိပ်ကနေ ရှုခင်းတွေကိုကြည့်ရှုနေကြရင်းနဲ့ ပုပ္ပားတောင်မကြီး၊ ကြက်မောက်တောင်ဆည်၊ မြင်းခွာတောင်နဲ့အတူ လယ်ယာချောင်းမြောင်း ဥယျာဉ်ခြံမြေတွေကို မြင်တွေ့နေရတယ်။ အနီးကပ်ပြီး ထင်ထင်ရှားရှား မြင်တွေ့နေရတာက ပုပ္ပားတောင်မကြီးပါ။ ပုပ္ပားတောင်ကလပ်က ပင်လယ်ရေမျက်နှာပြင်အထက် ၂၄၁၄ ပေသာမြင့်ပေမဲ့ တောင်မကြီးက ၄၉၈၁ ပေမြင့်တယ်။ တောင်မကြီးပေါ်မှာ စေတီငယ်လေးတွေရှိပြီး တောင်ပေါ်ကို ဒေသခံဆိုင်ကယ်ကယ်ရီတွေနဲ့ တက်ရောက်လို့ရတယ်လို့ သိရတယ်။ ဆိုင်ကယ် ကယ်ရီငှားခက အတက်၊ အဆင်းခရီးစဉ်တစ်ကြောင်းကို လူတစ်ယောက်အတွက် ငွေကျပ် ၃၅၀၀၀ ကနေ ၄၀၀၀၀ လောက်ထိရှိနေပြီး ခရီးကြာချိန်ကလဲ လေးနာရီကနေ ငါးနာရီလောက်ထိကြာတယ်လို့ ပြောပြကြတယ်။ တောင်မကြီးပေါ်မှာ ထူးထူးခြားခြားအဖြစ် လူတစ်ရပ်စာလောက်မြင့်တဲ့ မျောက်မွေးရှည်တွေနဲ့အတူ ဆေးဖက်ဝင်ကျောက်သွေးနေရာတွေ ရှိနေကြတယ်။ ကျောက်သွေးနေရာတွေကို မျောက်မွေးရှည်တွေကသာ သိရှိနေကြပြီး လူတွေက မသိကြကြောင်း ဂေါပကတွေက ရှင်းပြတယ်။ တောင်ကလပ်မှာတွေ့မြင်နေရတဲ့ မျောက်တွေက မျောက်ဖင်နီတာတွေဖြစ်ပြီး အလွန်ဆော့၊ အလွန်များ၊ အလွန်ကြောက်လန့်နေကြရအောင် ဆိုးသွမ်းကြလေ့ရှိကြတယ်။ တောင်မကြီးပေါ်က မျောက်မွေးရှည်တွေကတော့ တွေ့မြင်နိုင်ဖို့ခဲယဉ်းသလို လူတွေကိုလဲ ဒုက္ခမပေးကြကြောင်း ဆက်လက်သိရှိလိုက်ရတယ်။

တောင်ကလပ်ပေါ်ကနေ နောက်ထပ်မြင်တွေ့နေရတာက ကြက်မောက်တောင်ဆည်ပါ။ စတင်တွေ့တွေ့ချင်း ရောဝတီမြစ်ကြီးလို့ ထင်မှတ်ခဲ့ပေမဲ့ နောက်တော့မှ ကြက်မောက်တောင်ဆည်ဖြစ်နေတယ်။ တောင်တန်းတောင်စွယ်တွေကြား ရေပြင်ကျယ်ကျယ်နဲ့ မြင်တွေ့နေရတဲ့ ကြက်မောက်တောင်ဆည်ကလဲ လှပလို့နေတယ်။ တောင်မကြီးနဲ့ ကြက်မောက်တောင်ဆည်တွေက တောင်ကလပ်ရဲ့အရှေ့ဘက်အရပ်မှာပါ။ အနောက်ဘက်မှာတော့ မြင်းခွာတောင်ရှိနေတယ်။ မြင်းခွာတောင်ဆိုတဲ့အတိုင်း တကယ့်မြင်းခွာပုံစံဖြစ်နေတဲ့ တောင်ရဲ့အနေအထားက ထူးခြားပါတယ်။ မသိရင် လူတွေက သေသေချာချာ ဖန်တီးလုပ်ဆောင်ထားသလို ထင်မှတ်ရတယ်။ အတူပါ ခရီးဖော်လူကြီးတစ်ယောက်က ပုဂံခေတ် အနော်ရထာမင်းလက်ထက်က ဆင်တွေကို ကျုံးသွင်းတဲ့နေရာဆိုတာ ရှိခဲ့တယ်။ အခုမြင်နေရတဲ့ မြင်းခွာတောင်နေရာက ဆင်ကျုံးနေရာဖြစ်မယ်ဆိုပြီး ဂေါပကတွေကို မေးမြန်းစုံစမ်းကြည့်တော့ ဆင်ကျုံးနေရာမဟုတ်ကြောင်းနဲ့ သဘာဝအလျောက် မြင်းခွာပုံဖြစ်ပေါ်နေကြောင်း ရှင်းပြကြတယ်။

ပုပ္ပားတောင်ကလပ်ပေါ်ကိုရောက်ရှိနေကြပြီဖြစ်ပြီး ကြည့်ရှုစရာရှိတာတွေကို ကြည့်ရှု၊ လေ့လာစရာရှိတာတွေကို လေ့လာနေကြရပါပြီ။ မကြာခင်မှာ တောင်အောက်ကို ပြန်ဆင်းကြပြီး ဒေသထွက်သစ်သီးတွေပေါတဲ့ ပုပ္ပားမြို့ကို သွားရောက်ကြပါမယ်။

# စိတ်ကြီးဝင်နေတဲ့မိန်းမ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၁၈ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်




**ရန်ကုန် ဩဂုတ် ၁၇**

Lavender Film Production က ရိုက်ကူးထုတ်လုပ်သည့် စိတ်ကြီးဝင်နေတဲ့မိန်းမ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၁၈ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည့် Everestမိုးက ပြောပြ၍ သိရသည်။

Lavender Film Production က ရိုက်ကူးထုတ်လုပ်သည့် စိတ်ကြီးဝင်နေတဲ့မိန်းမ ရုပ်ရှင်ဇာတ်ကားကို တင်ဇာပိုင်က စီစဉ်ထားခြင်းဖြစ်ပြီး ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ရာဇဝင်ကိုက ရေးထားခြင်းဖြစ်ကာ ရာဇဝင်ကိုကပင် ဒါရိုက်တာအဖြစ် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

“ဒီဇာတ်ကားက ၂၀၁၈ ခုနှစ်လောက်တုန်းက ရိုက်ထားတာဆိုတော့ ကျွန်တော်ငယ်ငယ်တုန်းက ဇာတ်ကားလေးပါ။ ပါဝင်ရတဲ့ ဇာတ်ဝင်ခန်းကလဲ နည်းပါတယ်။ အဲဒီအချိန်တုန်းက မရွှေမှုံက တအားအောင်မြင်နေတဲ့ အချိန်ဆိုတော့ သူ့ကိုရှိန်တာတွေရှိခဲ့တယ်။ ဒါပေမဲ့ အစ်မက သဘောကောင်းပြီး လက်တွဲခေါ်ပေးခဲ့ပါတယ်”ဟု သရုပ်ဆောင် Everest မိုးက ပြောပြသည်။

စိတ်ကြီးဝင်နေတဲ့မိန်းမ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ရွှေမှုံရတီက အထူးသရုပ်ဆောင်ထားပြီး သရုပ်ဆောင် မြတ်သူကျော်၊ Everestမိုး၊ ဂျိုကာ၊ မေပန်းချီ၊ ဘင်း၊ ဖြိုးရာဇာနိုင်၊ မင်းမြန်မာ၊ မိုးကောင်းကင်၊ စိုးမြတ်သူဇာ၊ တက္ကသိုလ်ဝွမ်းပုံ၊ ပိုးပိုး၊ ဇာခြည်လွင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH


# နံရံ၏နောက်ကွယ် ဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်

**ရန်ကုန် ဩဂုတ် ၁၇**

နံရံ၏နောက်ကွယ် (Behind The Wall ) ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၂၃ ရက်မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့မှ သောကြာနေ့ထိ Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသည့် ဒါရိုက်တာ ဟိန်းဇော်က ပြောပြ၍ သိရသည်။

နံရံ၏နောက်ကွယ် (Behind the Wall )ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဟိန်းဇော်က ရေးသားထားခြင်းဖြစ်ပြီး ဟိန်းဇော်ကပင် ဒါရိုက်တာအဖြစ် ရိုက်ကူးထားကြောင်း သိရသည်။

“ဒီရုပ်သံဇာတ်လမ်းတွဲကတော့ ဒရာမာကို အခြေခံထားတဲ့ လျှို့ဝှက်သည်းဖို ဇာတ်လမ်းတွဲလေးပါ။ ဝင်းထိုက်နဲ့ မောင်မောင်က ကွဲကွာနေခဲ့ကြတဲ့ ငယ်သူငယ်ချင်းတွေပါ။ ဝင်းထိုက်က မိဘတွေမရှိတော့တဲ့နောက် ညီမဖြစ်သူ ဝေဝေသော်ကို စောင့်ရှောက်ပြီး နေလာခဲ့ရင်း




တစ်နေ့မှာ ငယ်သူငယ်ချင်းဖြစ်သူ မောင်မောင်နဲ့ ပြန်ဆုံခဲ့ပါတယ်။ တစ်ရက်မှာတော့ ဝင်းထိုက်ဟာ ပြစ်မှုတစ်ခုနဲ့ပတ်သက်တဲ့ မြင်ကွင်းတစ်ခုကို မမျှော်လင့်ဘဲမြင်ခဲ့ပြီး ဒီဖြစ်ရပ်အတွက် ယုံကြည်ရတဲ့ သူငယ်ချင်းဖြစ်သူ မောင်မောင်ကို အကူအညီ တောင်းလိုက်တဲ့အခါ မျှော်လင့်မထားတဲ့ အဖြစ်အပျက်တွေ ဖြစ်ပျက်ကုန်ပါတယ်။ ကျန်တာကတော့ ဇာတ်လမ်းတွဲမှာ ရှုစားကြပါ”ဟု ဒါရိုက်တာ ဟိန်းဇော်က ပြောပြသည်။

နံရံ၏နောက်ကွယ် (Behind The Wall) ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် စစ်နိုင်၊ ထိုက်တန်၊ ဘုန်းသျှံ၊ ရဲမျိုးမြတ်၊ လင်းအောင်၊ သဲနော်ဇာ၊ ခိုင်သဇင်၊ ညီဂျော်၊ မင်းသူရကျော်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# မော်လိုက်မြို့နယ် ရှားပင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေး

**မော်လိုက် ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျေးရွာများအနက် ရှားပင်ကျေးရွာ၌ စီမံကိန်းရန်ပုံငွေစတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးပပထွန်းက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ အကြောင်းအရာများ၊ ချေးငွေဖြင့် အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုပုံတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၂၄ သိန်း လွှဲပြောင်းပေးကြောင်း သိရသည်။

ထို့နောက် မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းတာဝန်ခံတို့က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များနှင့်အတူ ရှားပင်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၉ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၁ ဦးတို့ကို စီမံကိန်းရန်ပုံငွေကျပ် ၃၂၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သက်မာ**

# Kingdom of the Planet of the Apes ဇာတ်ကား ရုံတင်မည့်ရက်ကြေညာ

**နယူးယောက် ဩဂုတ် ၁၇**


Kingdom of the Planet of the Apes ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက အတည်ပြုကြေညာထားကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

ဒစ္စနီးကုမ္ပဏီ၏ ကြေညာချက်အရ Kingdom of the Planet of the Apes ဇာတ်ကားကို ၂၀၂၄ ခုနှစ် မေ ၂၄ ရက်တွင် ရုံတင်ပြသမည်ဖြစ်ပြီး အဆိုပါဇာတ်ကားသည် War For the Planet of the Apes (2017) ၏နောက်ဆက်တွဲဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဝက်ဘဲက ရိုက်ကူးပေးထားပြီး မင်းသမီး ဖရီယာအယ်လန်၊ ဒီချန်းလက်မင်းနှင့် မင်းသား ဝီလျံအိတ်မာစီတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ဟောလိဝုဒ်သရုပ်ဆောင်များနှင့် ဇာတ်ညွှန်းရေးဆရာများ၏ သပိတ်မတိုင်မီ ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများ ပြီးဆုံးခဲ့ခြင်းကြောင့် ရည်ရွယ်ထားသည့်အတိုင်း ရုံတင်နိုင်မည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

KKO




# The Dial of Destiny ဇာတ်ကား ကန်ဒေါ်လာ သန်း ၁၀၀ ခန့်ထိ အရှုံးပေါ်နိုင်

**နယူးယောက် ဩဂုတ် ၁၇**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Indiana Jones and The Dial of Destiny ဇာတ်ကားမှာ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့်ထိ အရှုံးပေါ်နိုင်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

The Dial of Destiny ဇာတ်ကား၏ဝင်ငွေမှာ ထင်သလောက်အားကောင်းခဲ့ခြင်းမရှိဘဲ စတင်ရုံတင်ပြသပြီး တစ်လခွဲမျှကြာချိန်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃၇၅ သန်းကျော်သာ ရရှိခဲ့သည်။

သို့ဖြစ်ရာ ရိုက်ကူးထုတ်လုပ်မှုစရိတ်၊ ဈေးကွက်မြှင့်တင်ရေးစရိတ်များနှင့်နှိုင်းယှဉ်ပါက လက်ရှိဝင်ငွေ၏ The Dial of Destiny ဇာတ်ကားမှာ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့် အရှုံးပေါ်နိုင်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား၏ ရိုက်ကူးထုတ်လုပ်မှုစရိတ်မှာ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ထိရှိပြီး ဈေးကွက်မြှင့်တင်ရေးစရိတ်မှာ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထိရှိခဲ့ကြောင်း သိရသည်။

The Dial of Destiny ဇာတ်ကားသည် Indiana Jones ဇာတ်ကောင်နေရာ၌ မင်းသားကြီး ဟာရီဆင်ဖို့ နောက်ဆုံးအကြိမ်အဖြစ် သရုပ်ဆောင်ထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

KKO



# Over 30 pieces of farm equipment worth over US$400,000 sold by installments in 2022-2023 FY


Vehicles used for agricultural purposes.

**Nay Pyi Taw August 17**

More than 30 pieces of agricultural equipment worth over K4 billion were sold by installments to local farmers in the 2022-2023 fiscal year, according to sources released by the Ministry of Cooperatives and Rural Development on 16 June

Myanmar is transforming from mural farming to mechanized farming. As such, farmers need to purchase and handle farm machinery and equipment.

Therefore, the Cooperatives Department under the ministry started selling farm machines and equipment bought from South Korea's Daedong Company to farmers in installments in 2015.

In the 2022-2023 FY, 317 pieces of farm equipment worth over K4.227 billion were sold in installments. From April 2015 to March 2023, a total of 4,266 pieces worth K105.660 billion were sold. There were still 135 pieces left for sale.

The remaining pieces of farm equipment have been sold gradually in the current 2023-2024 financial year. So far, 81 pieces worth K0.849 billion have been sold in installments. Now, there are 54 pieces left and they will be sold in August.

336

# 650 viss of asparagus tuber exported to South Korea in July

**Toungoo August 17**

As a new export item, asparagus tuber weighing 650 viss was exported to Republic of Korea in July this financial year, according to Myanmar Green Farm Co from Toungoo of Bago Region.

South Korea purchases herbal raw materials from Myanmar such as cardamom, screwpine, moonseed, gloiosa, shaggy buttonweed, brown aniseed, jungle toddy root, Indian trumpet seeds and so on. This year, asparagus seed becomes new item of export.

"South Korea offered to purchase cardamom and moonseed vine last financial year. This year, it adds one more raw herbal item. In July, 650 viss of asparagus seeds was exported to Korea by air. More batches of exporting asparagus seeds will be exported to South Korea," said manager U Thaung Htaik Htwe from Myanmar Green Farm Co.

Such kind of asparagus seeds were collected from Yedashe Township, western Thagara and Swa townships and eastern Shan State.

In Myanmar traditional medicine market, fresh asparagus seed fetches K700 to K1,000 per viss. Six viss of fresh asparagus seed can be dried to one viss.

ASH


A plantation of asparagus tubers.

# Three foreign joint-venture businesses invest this year in Kachin State creating over 1,100 jobs

**Myitkyina August 17**

Three foreign joint-venture businesses have invested this year in Kachin State creating more than 1,100 jobs, according to sources from the Kachin State Investment Committee.

The state government and relevant ministries are providing help and technology for the agricultural development and boosting production of the state.

Moreover, relevant departments are cooperating with the state government if businesses want to operate as cooperative syndicates in the effort to become agricultural entrepreneurs by using waste products.

The Kachin State Investment Committee has invited local and foreign investments in the agricultural sector. So far this year, three joint-venture businesses have invested in the state.

During the meetings of the committee held on 2 May and 3 August, those three joint-venture businesses were allowed to invest in Kachin State. As a result, 1,184 local jobs have been created.

336

# More than 60 migrants feared dead at sea off Cape Verde coast

**Praia August 17**

More than 60 people are feared dead after a boat carrying migrants was found off Cape Verde in West Africa.

Thirty-eight people, including children, were rescued, with footage showing them being helped ashore, some on stretchers, on the island of Sal.

Almost all those on board the boat, which was at sea for over a month, are thought to have been from Senegal.

Cape Verde officials have called for global action on migration to help prevent further loss of life.

The vessel was first spotted on Monday, police told the AFP news agency. Initial reports suggested that the boat had sunk but it was later clarified that it had been found drifting.

The wooden pirogue style boat was seen almost 320km (200 miles) off Sal, a part of Cape Verde, by a Spanish fishing boat, which then alerted authorities, police said.

The survivors include four children aged between 12 and 16, a spokesperson for the International Organization for Migration (IOM) said.

The boat left the Senegalese fishing village of Fass Boye on 10 July with 101 people on board, Senegal's foreign ministry said on Tuesday, citing survivors.

Moda Samb, an elected official in the village, told AFP news agency nearly all those on the boat had grown up in the community and that some local families were still waiting to hear whether their relatives were among the survivors. BBC

# Gotthard: World's longest rail tunnel shut for months after freight crash

**Zürich August 17**

The world's longest rail tunnel has been shut to passenger services after a derailment in Switzerland causing damage that will take months to repair.

Swiss authorities said there was "no indication" when the Gotthard Base Tunnel would reopen.

Sixteen wagons derailed and are still stuck inside, a week after the derailment on 10 August.

Opened in 2016, the Gotthard rail link took 20 years to build and cost more than $12bn (£8.2bn).

National Swiss rail operator SBB chief executive Vincent Ducrot said on Wednesday that Gotthard was one of the safest tunnels in the world.

"The fact that an accident like this could happen has hit us very hard," he said. "Fortunately, there were no injuries, though significant material damage was incurred."

An investigation is being led by the Swiss Transportation Safety Investigation Board (STSB) and the public prosecutor's office of the Canton of Ticino.

Rail operator SBB said in total, around 8km (4.9 miles) of track and 20,000 concrete sleepers need to be replaced.

SBB said one side of the tunnel was unaffected and should be operating "in principle" for freight usage from 23 August, but passenger trains would not be able to use the unaffected side due to safety reasons. BBC

# 35 local companies exported more than 150,000 tons of rice and broken rice in July


Bags of rice being loaded onto a ship.

**Nay Pyi Taw August 17**

The Myanmar Rice Federation recently stated a press release, saying that a total of 43 companies exported 150,000 tons of rice and broken rice to foreign countries in July 2023.

In this regard, rice flowed out to 20 customer countries and broken rice to 11 countries, totalling 31. A total of 21,762 tons of rice and 36,572 tons of broken rice were exported to customer countries.

In trading, 47,938 tons of rice and broken rice were sent to foreign market through shipping and 10,396 tons through land borders.

In July, the Philippines stood first in purchasing rice from Myanmar, followed by Spain and Poland, then Portugal and Bulgaria. Likewise, China stood top on the chart of purchasing broken rice from Myanmar, followed by Belgium, the Netherlands, United Kingdom and Poland.

336

# Myanmar expects good prospect for market situation in the upcoming avocado season

**Nay Pyi Taw August 17**

The situation and potential of the avocado market in the upcoming avocado season is good, according to the Myanmar Avocado Producer and Exporter Association.

Avocado is a crop included in Myanmar's strategic export list.

Avocados are grown in southern and northern Shan, Chin, Kachin states and Mandalay Region.

Now, with the growing interest in Myanmar's avocados from overseas customers, Myanmar is planning to produce and export to the international market in accordance with the set standards.

In addition, efforts are being made to expand the market to Thailand, Singapore, Malaysia, India, China and other foreign countries.

According to these measures, test samples of avocados have been sent to the Netherlands, France and Dubai and plans are underway to export them to India.

In addition, Hass type avocados produced from southern Shan State were analyzed at the TLR laboratory in the Netherlands last March, and had a fat content of 24.8%, which attracted interest from European countries.

336


Quality avocados for sale at a market.

# Myanmar film professionals to join Fly Post Production Workshop in South Korea

**Yangon August 17**

Myanmar film professionals will attend the Fly Post Production Workshop to be jointly organized by Busan Film Commission and Asian Film Commission, said U Chan Thar Kyi Soe, information in-charge of International Relations Committee of the Myanmar Motion Picture Organization.

The Fly Post Production Workshop will last for four days from 11 to 14 November in Vietnam and it will be a part of the Fly Project 2023 jointly organized by the Busan Film Commission of the Republic of Korea and the Asian Film Commission (AFCNet).

"An invitation was extended to us for a workshop related to the post production. It will be organized by Fly. Fly is an organization to manage the projects for young film generations from Asian countries and producers by spending own fund. Then, the organization urged young people from ASEAN countries to screen short movies and to produce the post production workshops. Two participants from Myanmar will be allowed to join the workshop. Busan Film Commission will spend the cost for all charges of attendees. It will be staged in Vietnam. MMPO has selected two delegates to the workshop. MMPO has international data about films and creates linkages with opportunities for international films. So, it needs to browse the page of MMPO," said U Chan Thar Kyi Soe.

Those wishing to attend the Fly Post Production must have experiences on film directing, producer and post production. They must have produced at least one film. Those who have experiences in creation and production of films and TV series can attend it but they have to submit evidences.

Experienced persons will be prioritized for AFIS and BAFA, and two selected delegates will be facilitated with transport charges and accommodation and foods by Busan Film Commission.

ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myanmar plans to export more honey in 2023-2024 FY

**Nay Pyi Taw August 17**

Myanmar is planning to export more honey to foreign customer market countries in 2023-2024 FY, according to the Livestock Breeding and Veterinary Department.

Most of the bee farms in Myanmar are operating in the southern and northern Shan State and Magway Region.

In September, which is the beginning of the open season, in order to be able to produce more plum honey, bee farms move to Magway and Mandalay regions, where plum trees are abundant.

Myanmar can produce about 7,000 tons of honey per year and sell it to domestic markets as well as foreign customer market countries such as Thailand, Japan, South Korea, Cambodia, the United States and Singapore.

In the past fiscal year, more than 1,900 tons of honey had to be exported to these customer market countries.

Myanmar exported 100.41 tons of honey in April, 336,7 tons of honey in May, 80.4 tons of honey in June, and 409.4 tons of honey in July, totaling 926.91 tons of honey. 336


Bottles of honey for export.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ကမ္ဘာကြီးတွင် နျူကလီးယားပဋိပက္ခဖြစ်ပွားရန်နီးကပ်နေပြီဟု မြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီး ပြောကြား



ကမ္ဘာကြီးသည် နျူကလီးယားပဋိပက္ခဖြစ်ပွားရန် နီးကပ်နေပြီဟု ဩဂုတ် ၁၅ ရက်က ရုရှားနိုင်ငံ မော်စကိုမြို့တော်တွင် ပြုလုပ်ခဲ့သော (၁၁) ကြိမ်မြောက် နိုင်ငံတကာ လုံခြုံရေးညီလာခံ၌ မြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Kang Sun-nam က ထုတ်ဖော်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားတွင် အစိုးရအပြောင်းအလဲအတွက် အမေရိကန်၏ဆန္ဒသည် တင်းမာမှုများကို အရှိန်မြှင့်ပေးနိုင်ကြောင်း Kang က ပြောကြားခဲ့သည်။

နျူကလီးယားသုံး လေယာဉ်များနှင့်ရေငုပ်သင်္ဘောများ ဖြန့်ကြက်ချထားခြင်းဖြင့် ဒေသတွင်း၌ အမေရိကန်၏ စစ်အင်အားကို တိုးမြှင့်လုပ်ဆောင်နေသည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။

"အခုတော့ ကိုရီးယားကျွန်းဆွယ်မှာ နျူကလီးယားပဋိပက္ခ ပေါ်ပေါက်လာမလားဆိုတဲ့မေးခွန်းက ဘယ်သူတွေနဲ့ ဘယ်အချိန်မှာလဲဆိုတာမျိုးပါ ထပ်မေးရမလိုဖြစ်နေပြီ"ဟု Kang က သတိပေးပြောကြားခဲ့သည်။

ယခုနှစ် တစ်နှစ်တည်းတွင်ပင် အမေရိကန်နိုင်ငံသည် နျူကလီးယားစွမ်းရည်ရှိသော ရေငုပ်သင်္ဘော၊ လေယာဉ်တင်သင်္ဘောအုပ်စုနှင့် နျူကလီးယားစွမ်းရည်ရှိသော မဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်များအပါအဝင် ဒေသတွင်းသို့ ကြီးမားသော မဟာဗျူဟာမြောက် စစ်ရေးစွမ်းအားစုများ စေလွှတ်ခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။

မြောက်ကိုရီးယားဘက်က တာတိုပစ်ပဲ့ထိန်းဒုံးကျည်များပေါ်တွင် တပ်ဆင်နိုင်သော သေးငယ်သည့် နျူကလီးယားထိပ်ဖူးသစ်များကို ထုတ်ဖော်ပြသပြီးနောက် မကြာမီ အမေရိကန်ရေတပ်၏ လေယာဉ်တင်သင်္ဘော USS Nimitz ဦးဆောင်သော အမှတ်(၁၁) လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအုပ်စုသည် မတ်လကုန်ပိုင်းက တောင်ကိုရီးယားရေတပ်အခြေစိုက်စခန်းသို့ ရောက်ရှိလာခဲ့သည်။

ဩဂုတ်လကုန်က တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန် B-52 မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်တစ်စင်း ပါဝင်ခဲ့သည်။ နှစ်ပတ်အကြာတွင် အမေရိကန်နိုင်ငံသည် အိုဟိုင်းယိုးအတန်းအစား ပဲ့ထိန်းဒုံးကျည်တင်ရေငုပ်သင်္ဘော USS Kentucky ကို တောင်ကိုရီးယားသို့ ဖြန့်ကြက်ချထားခဲ့သည်။ Trident II ပဲ့ထိန်းဒုံးကျည် အစင်း ၂၀ တပ်ဆင်ထားပြီး အဆိုပါရေငုပ်သင်္ဘောတွင် စုစုပေါင်းနျူကလီးယားထိပ်ဖူး အခု ၈၀ ပါရှိသည်။

"မြောက်ကိုရီးယားအပေါ် ရန်လိုတဲ့နိုင်ငံတော်ပေါ်လစီကို နှစ်ပေါင်း ၈၀ ကြာကျင့်သုံးခဲ့တဲ့ အမေရိကန်က မြောက်ကိုရီးယားရဲ့ လွတ်လပ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ လုံခြုံရေးအကျိုးစီးပွားတွေကို ပြောင်ပြောင်တင်းတင်းစွက်ဖက်ပြီး အရှေ့မြောက်အာရှရဲ့ အခြေအနေကို နျူကလီးယားပဋိပက္ခဖြစ်လာနိုင်တဲ့ထိ တွန်းပို့နေပါတယ်"ဟု Kang က ပြောကြားခဲ့သည်။

အမေရိကန်သည် မြောက်ကိုရီးယားအပေါ် ရက်စက်သောမူဝါဒကို ဝန်ခံနေပြီး အကျပ်အတည်းကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် အမှန်တကယ်ဖြေရှင်းလိုပါက ထိပ်တိုက်ရင်ဆိုင်ရေးချဉ်းကပ်မှုနည်းလမ်းကို စွန့်လွှတ်ရမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

အမေရိကန်သည် ၎င်း၏ မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်များနှင့် နျူကလီးယားရေငုပ်သင်္ဘောကို ကျွန်းဆွယ်သို့ စေလွှတ်ရန် ရက်အနည်းငယ်သာလိုအပ်မည်ဖြစ်ပြီး တောင်ကိုရီးယားမှ အပြည့်အဝ ဆုတ်ခွာသွားသည့်တိုင် ၁၅ ရက်တာအတွင်း ၎င်း၏စစ်ရေးစွမ်းအားစုများကို ပြန်လည်ဖြန့်ကြက် ချထားနိုင်သည်ဟု Kang က ယုံကြည်နေသည်။

ကျွန်ုပ်တို့၏ နျူကလီးယားလက်နက်များကိုဖယ်ရှားပြီး ကျွန်ုပ်တို့ကို ရက်စက်စွာ အင်အားသုံးဖျက်ဆီးပစ်ရန် အမေရိကန်၏ ပြင်းပြသောရည်ရွယ်ချက်ကို ကျွန်ုပ်တို့ကောင်းစွာ သိရှိနားလည်ပါသည်ဟု ၎င်းကပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က လက်နက်ထုတ်လုပ်ရေးတိုးမြှင့်ခြင်းအပါအဝင် ပဋိပက္ခအတွက် ကြိုတင်ပြင်ဆင်မှုများ တိုးမြှင့်လုပ်ဆောင်ရန်အမိန့်ပေးခဲ့ပြီးနောက် ရက်ပိုင်းအကြာတွင် Kang၏ ပြောကြားချက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။

ဖြစ်နိုင်ခြေရှိသော ပဋိပက္ခများအတွက် တပ်ဖွဲ့ဝင်များ တိုက်ပွဲဝင်အသင့်ဖြစ်နေစေရန် နိုင်ငံ၏နောက်ဆုံးပေါ်စစ်လက်နက်များဖြင့် အကြီးစားစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရန် ထိပ်တန်းအရာရှိများကို ကင်ဂျုံအန်က ညွှန်ကြားခဲ့သည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့ ပူးပေါင်းပြုလုပ်ရန် စီစဉ်ထားသောပူးတွဲစစ်ရေးလေ့ကျင့်မှုမတိုင်မီ ပြုလုပ်သွားရန် တောင်းဆိုခဲ့ခြင်းလည်းဖြစ်သည်။

**Nuclear war is imminent– North Korea ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားက နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောများတွင် ဟိုက်ပါဆောနစ်ဒုံးကျည်များ တပ်ဆင်အသုံးပြုတော့မည်

ရုရှားနိုင်ငံသည် တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်ရန်အတွက် Yasen အတန်းအစား နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများကို Zircon ဟိုက်ပါဆောနစ်ဒုံးကျည်များ တပ်ဆင်အသုံးပြုတော့မည်ဖြစ်ကြောင်း ရုရှားထိပ်တန်းသင်္ဘော တည်ဆောက်ရေးကုမ္ပဏီတစ်ခု၏ အကြီးအကဲက ပြောကြားခဲ့ကြောင်း ဩဂုတ် ၁၅ ရက်က The Defense Post တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ သင်္ဘောတည်ဆောက်ရေးကုမ္ပဏီ United Shipbuilding Corporation ၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Alexei Rakhmanov က ပေါင်းစည်းလုပ်ဆောင်မှု စတင်နေပြီဖြစ်ပြီး မကြာမီတွင် ပင်လယ်ရေကြောင်း သွားလာရေးဆိုင်ရာ မစ်ရှင်များကို ပံ့ပိုးပေးရန်အတွက် တိုက်စွမ်းအားပြင်း ရေငုပ်သင်္ဘောမျိုး ပိုင်ဆိုင်လာနိုင်တော့မည်ဖြစ်ကြောင်း နိုင်ငံပိုင် RIA Novosti သတင်းဌာနကို ထုတ်ဖော်ပြောကြားခဲ့သည်။

၂၀၁၉ ခုနှစ်တွင် ထုတ်ဖော်ပြသခဲ့သည့် Zircon ဟိုက်ပါဆောနစ်ဒုံးကျည်သည် မိုင် ၆၀၀ ကျော် အကွာအဝေးရှိ ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိမည်ဖြစ်သည်။

၎င်းဒုံးကျည်သည် Mach 9 အမြန်နှုန်းနှင့် အနိမ့်ဆုံး၊ ခန့်မှန်းမရသောဒုံးကျည်ပျံသန်းမှုလမ်းကြောင်းများဖြင့် လှုပ်ရှားစစ်ကစားနိုင်စွမ်း မြင့်မားကောင်းမွန်သောကြောင့် ရုရှားစစ်ဘက်မှ ဝယ်လိုအားမြင့်မားလျက်ရှိပြီး လက်ရှိဝေဟင်နှင့် ဒုံးကျည်ကာကွယ်ရေးများအနေဖြင့် ၎င်းကိုတန်ပြန်ဖျက်ချရန် ခက်ခဲစေမည်ဖြစ်သည်။

Rakhmanov က ပရောဂျက်အတွက် တိကျသောအချိန်ဇယားကို ပြောကြားခဲ့ခြင်းမရှိသော်လည်း ယခင်သတင်းထုတ်ပြန်ချက်များအရ Zircon ဟိုက်ပါဆောနစ်ဒုံးကျည်စနစ် တပ်ဆင်ထားသောပထမဆုံး ရေငုပ်သင်္ဘောတစ်စီးသည် ၂၀၂၆ ခုနှစ်တွင် စတင်တပ်ဖြန့်အသုံးပြုနိုင်မည်ဖြစ်သည်။

ရုရှားရေတပ်၏ သရဖူရတနာဟုမှတ်ယူထားသော Yasen အတန်းအစား ရေငုပ်သင်္ဘောသည် ရေမိုင် ၃၂၀ ကျော်အကွာအဝေးမှ ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိသော Oniks နှင့် Kalibr ဒုံးကျည်များ တပ်ဆင်ထားသည်။ ၎င်းတွင် တော်ပီဒိုဒုံးပြွန် ရှစ်ခုနှင့် ဒုံးကျည်ကို ပင်လယ်ရေမျက်နှာပြင်အထက် သို့မဟုတ် ရေအောက်သို့ တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်စေသည့် ပစ်လွှတ်မှုစနစ်တစ်ခု ပါရှိသည်။

ရေငုပ်သင်္ဘော၏ အဓိကတာဝန်မှာ လေယာဉ်တင်သင်္ဘော တိုက်ခိုက်ရေးအုပ်များ၊ ရန်သူ့ရေငုပ်သင်္ဘောများနှင့် ရေယာဉ်အမျိုးမျိုးကို တိုက်ခိုက်ဖျက်ဆီးရန်ဖြစ်သည်။ ၎င်း၏ အဆင့်မြှင့်တင်ထားသော မူကွဲဖြစ်သည့် Yasen-M အတန်းအစား ရေငုပ်သင်္ဘောတွင် ခေတ်မီဆန်းသစ်သောအာရုံခံကိရိယာများ၊ ဆူညံသံများကို လျှော့ချနိုင်သည့် နည်းပညာနှင့် Acoustic (အသံပိုင်းဆိုင်ရာ)ထုတ်လွှင့်မှုကို လျှော့ချရန်အတွက် အဆင့်မြှင့်တင်ထားသော နျူကလီးယားဓာတ်ပေါင်းဖိုများ ပါဝင်သည်။



ပထမဆုံး Yasen အတန်းအစားရေငုပ်သင်္ဘောကို ရေချခဲ့ပြီး တစ်နှစ်အကြာ ၂၀၁၄ ခုနှစ်တွင် အမေရိကန်ရေတပ် ဗိုလ်ချုပ်ကြီး Dave Johnson က ရုရှား၏ ရေကြောင်းစွမ်းအားသစ် ရေငုပ်သင်္ဘောများသည် အမေရိကန်အတွက် ခက်ခဲသောပြိုင်ဘက်များဖြစ်လာမည်ကို အသိအမှတ်ပြုခဲ့သည်။

"ဒီသင်္ဘောနဲ့ပတ်သက်ပြီး လျှို့ဝှက်အချက်အလက်တွေအရ မော်ဒယ်ပုံစံတစ်ခုကို Naval Surface Warfare Center, Carderock Division ဌာနချုပ်က တည်ဆောက်ခဲ့တာကို ကျွန်တော်သဘောကျခဲ့ပါတယ်။ ကမ္ဘာ့ပင်လယ်ရေအောက်က အခြားစွမ်းဆောင်ရည်တွေဟာ ဘယ်တော့မှ မတည်မြဲပါဘူး"ဟု ရေတပ်ဆိုင်ရာ ဆွေးနွေးပွဲတစ်ခုအတွင်း Johnson က ပြောကြားခဲ့သည်။

**Russian Submarines 'On Track' to Get Hypersonic Missiles: Shipbuilder ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကျိုက်လတ်မြို့နယ်တွင် ကွမ်းသီးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေ



**ကျိုက်လတ် ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိလာပြီး ကွမ်းသီးအဝယ်လိုက်နေကြောင်း ကျိုက်လတ်မြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်အိအိစံက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ပြီးခဲ့သည့် ၄နှစ်လနှင့် ဂူလိုင်လက ကွမ်းသီးအခြောက်တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ထိသာ ဈေးရှိခဲ့ပြီး ဩဂုတ် ၁ ရက်မှ ယနေ့ထိ ကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါကွမ်းသီးခြောက်များကို ရန်ကုန်မြို့မှ အဝယ်လိုက်လာသဖြင့် ဈေးကောင်းရရှိလာခြင်းဖြစ်ကြောင်း သိရသည်။

"အခု ကွမ်းသီးခြောက်ပေါက်ဈေးက ကွမ်းသီးစိုက်တဲ့သူတွေနဲ့ သိုလှောင်တဲ့သူတွေပါ အဆင်ပြေတဲ့အခြေအနေပါ။ လက်ရှိဒေသမှာ ကွမ်းသီးအစိမ်း ပေါ်နေတယ်။ ကွမ်းသီးအခြောက်က ရှားလာတယ်။ ဒါကြောင့် ကွမ်းသီးအခြောက် ဈေးကောင်းနေတာ။ အဝယ်လိုက်နေတဲ့အချက်ကတော့ ပုံမှန်တင်ပို့နေကျ ရန်ကုန်ဘက်က အဝယ်လိုက်လာလို့ပါ။ အခုနှစ် ကွမ်းသီးခြောက်က ပြည်တွင်းမှာ လိုအပ်ချက်များနေတယ်။ ရန်ကုန်ဘက်ကလဲ နွေစဉ်အမှာ ကုန်တွေရှိနေတယ်။ ဒါကြောင့်လဲ အခုလို အဝယ်လဲလိုက်ပြီး ဈေးကလဲ တက်လာတာပါ"ဟု ကျိုက်လတ်မြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်အိအိစံက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဒေသထွက်ကွမ်းသီးများကို လိုက်လံဝယ်ယူပြီး ကွမ်းသီးအလုံးအတိုင်းနှင့် ခွဲစိတ်ပြီး နှစ်မျိုးပြုလုပ်၍ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းသီးအခြောက်ဈေးကောင်းလာသည့်အတွက် ကွမ်းသီးခြောက် သိုလှောင်ထားသူများ၊ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကွမ်းသီးညှပ်လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မံစီမြို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းငွေစာရင်းထိန်းသိမ်းနည်းသင်တန်းပို့ချ

**မံစီ ဩဂုတ် ၁၇**

ကချင်ပြည်နယ် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများမှ ကျေးရွာကော်မတီဝင်များအတွက် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်ပို့ချခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက မံစီမြို့ အဆိုပါဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတန်ဂျီးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်ပို့ချပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ၊ သင်တန်းတွင် သင်ကြားပို့ချပေးမှုများကို စိတ်ပါဝင်စားစွာဖြင့် မှတ်သားသင်ယူ၍ မိမိတို့ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက သင်တန်းတွင် သင်ကြားပို့ချပေးမည့် ဘာသာရပ်များ၊ စီမံကိန်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းငွေစာရင်းထိန်းသိမ်းနည်းသင်တန်းသို့ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် မံစီမြို့နယ်အတွင်းရှိ ကမ်းနီ၊ မံသဲကျေးရွာတို့မှ ကျေးရွာကော်မတီဝင် ၁၄ ဦး တက်ရောက်ကြပြီး သင်တန်းတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းငွေစာရင်းထိန်းသိမ်းနည်း ဘာသာရပ်များကို မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက တစ်ရက်ကြာ စာတွေ့၊ လက်တွေ့အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

# ပွင့်ဖြူမြို့နယ် ညောင်ပင်ဝိုင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲဇလီကျေးရွာအုပ်စု ညောင်ပင်ဝိုင်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ချေးငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလက်သိန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေကျပ် ၃၆ ဒသမ ၆ သန်းကို ညောင်ပင်ဝိုင်း ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းကော်မတီထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ညောင်ပင်ဝိုင်း ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၂၄ ဦးကို ငွေကျပ် ၃၆ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့သည်။

ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မဲဇလီကျေးရွာအုပ်စု ညောင်ပင်ဝိုင်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းမတည်ရန်ပုံငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၇-၈-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနော်သုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ငွေဇိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနော်သုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **ဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၁၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၂၅ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)













**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဉယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားနေမှုကို တွေ့မြင်ရစဉ်။**



[၂] **ရှေ့ဖုံးမှအဆက်**

မာရဝိဇယကျောင်းတော်၊ အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီအဆူ ၇၂၀ တို့အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများဆောင်ရွက်ကြပြီး ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသော ရဟန်းရှင်လူအများပြည်သူများအား ခုနစ်ရက်သားသမီးအလှူရှင်များကလည်း သက်သတ်လွတ်သီးစုံဒံပေါက်ဘူးများ၊ ရေသန့်ဘူးများဖြင့် အာဟာရဒါနလာရောက်လှူဒါန်း၍ ကုသိုလ်ယူကြသည်ကိုလည်း တွေ့မြင်ရသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဩဂုတ် ၈ ရက်မှ ၂၀ ရက်ထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း အခမဲ့လာရောက်ဖူးမြော် ကြည်ညိုခွင့်ပြုပေးထားကြောင်း သိရသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဩဂုတ် ၂၁ ရက်နှင့် နောက်ပိုင်းလာရောက်ဖူးမြော်ကြသူများအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဉယျာဉ်တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုသိုလ်တော်ဖြစ် ပါဝင်နိုင်ရေး မြန်မာနိုင်ငံသား လူကြီး၊ ကလေး တစ်ဦးလျှင် ၁၀၀၀ ကျပ်နှင့် နိုင်ငံခြားသားတစ်ဦးလျှင် 10 USD နှုန်းတို့ဖြင့် သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပြီး အသေးစိတ်ကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ Website ဖြစ်သည့် mbiw.myannet.com၊ www. twitter. com/ Maravijaya- နှင့် t.me/ Maravijaya တို့တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အသိပေးအပ်ပါသည်။

# နျူကလီးယားနှင့်ဆက်စပ်နယ်ပယ်များတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံတက္ကသိုလ်များမှ ဘွဲ့ရရှိခဲ့ကြသော မြန်မာနိုင်ငံမှ ကျောင်းသားဟောင်းများ၊ ရုရှားတက္ကသိုလ်များမှ ဆရာ၊ ဆရာမများနှင့် ROSATOM မှ ကိုယ်စားလှယ်များ၏ ပထမဆုံးအကြိမ်တွေ့ဆုံပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း"ROSATOM" နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန တို့ပူးပေါင်း၍ နျူကလီးယားနှင့်ဆက်စပ်နယ်ပယ်များတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တက္ကသိုလ်များမှ ဘွဲ့ရရှိခဲ့ကြသော မြန်မာနိုင်ငံမှ ကျောင်းသားဟောင်းများ၊ ရုရှားတက္ကသိုလ်များမှ ကိုယ်စားလှယ်များနှင့် ROSATOM မှ ကိုယ်စားလှယ်များ၏ ပထမဆုံးအကြိမ်တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ၌ ကျင်းပသည်။



အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း"ROSATOM"မှ Ms.Vera Upirova, Senior project manager ဦးဆောင်သည့် ROSATOMမှ ကိုယ်စားလှယ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ကိုယ်စားလှယ်များနှင့် ရုရှားတက္ကသိုလ်များရှိ နျူကလီးယားနည်းပညာနှင့် ဆက်စပ်ပညာရပ်နယ်ပယ်များတွင် တက်ရောက်ပညာသင်ကြားခဲ့ကြပြီး မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများတွင် လက်ရှိတာဝန်ထမ်းဆောင်နေကြသော ကျောင်းသားဟောင်းများ၊ ရုရှားနိုင်ငံရှိ တက္ကသိုလ်များတွင် သွားရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများအပါအဝင် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး ရုရှားနိုင်ငံတွင် ယခုလက်ရှိပညာသင်ကြားနေကြသော မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများက Online စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကို မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ နိုင်ငံတော်သီချင်းများဖြင့် ဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများသည် ပညာရေးကဏ္ဍ၊ နျူကလီးယားနည်းပညာကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတင်းအချက်နှင့် နည်းပညာကဏ္ဍနှင့်အခြားသောကဏ္ဍများတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား အပြန်အလှန်မိတ်ဖက်ဆက်ဆံရေးမြှင့်တင်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ၎င်းတို့၏အတွေ့အကြုံများကို အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ MEPhI တက္ကသိုလ်ကျောင်းသားဟောင်းများက Interview ဖြေဆိုခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ လဲလှယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်-သွင်းကုန် ကုန်စည်ပြပွဲ ဒုတိယနေ့တွင် မြန်မာနိုင်ငံက ဆက်လက်ပါဝင်ပြသ

**နေပြည်တော် ဩဂုတ် ၁၇**

(၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်-သွင်းကုန် ကုန်စည်ပြပွဲ ဒုတိယနေ့ကို ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဆက်လက်ကျင်းပပြီး မြန်မာနိုင်ငံပြခန်းဆောင်၌ ယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေခဲ့ရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

မြန်မာနိုင်ငံပြခန်းဆောင်၏ ကုန်စည်ပြခန်းတွင်ပြသထားသည့် မြန်မာနိုင်ငံ၏ အထင်ကရခရီးသွားနေရာများ၊ မြန်မာ့ထုတ်ကုန်ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လက်ကမ်းစာစောင်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာလက်ကမ်းစာစောင်များကို ပြပွဲသို့ လာရောက်သူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။

အဆိုပါကုန်စည်ပြပွဲကို ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံက နေ့စဉ်ပါဝင်ပြသသွားမည်ဖြစ်ကြောင်းနှင့် မြန်မာပြခန်းဆောင်သို့ လာရောက်ကြည့်ရှုသူများက သိလိုသည်များကို မေးမြန်းရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



☆ **ကျောဖုံးမှအဆက်**

(ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ် (မန္တလေး)
(င) ဆေးတက္ကသိုလ် (မကွေး)
(စ) ဆေးတက္ကသိုလ် (တောင်ကြီး)
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)
(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၁၀ ရက်ထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) လက်ခံမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
**(၁၇-၈-၂၀၂၃)**

## ပြည်သူများသို့ အသိပေးပန်ကြားခြင်း

➢ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် အရေးကြီး၊ အရေးပေါ်၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များဖြင့် ပြည်ပသို့ အချိန်မီသွားရောက်ရန် လိုအပ်သူများအတွက် ခိုင်လုံသောအထောက်အထားများနှင့်အတူ Green Channel ဖြင့် စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။

➢ ပွဲစားများသည် လူမှုကွန်ရက်မီဒီယာပေါ်တွင် အဆမတန်ငွေကြေးများပိုမိုတောင်းခံ၍ လိမ်လည်ဆောင်ရွက်ခြင်းများတွေ့ရှိရ၍ ပြည်သူများအနေဖြင့် လိမ်လည်မှုမခံရစေရေး သတိပြုသွားကြရန်လိုအပ်ပါမည်။

➢ Green Channel ဖြင့်လျှောက်ထားသူများသည် www.passport.gov.mm website တွင် ကြေညာထားသည့်အတိုင်း ဥက္ကဋ္ဌ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ ရုံးအမှတ်(၃၈) နေပြည်တော်(ဖုန်း ၀၆၇-၃၄၁၁၅၈၀)လိပ်မူပြီး လျှောက်ထားနိုင်ကြောင်း အသိပေးပန်ကြားအပ်ပါသည်။

## အများပြည်သူသိရှိရန် အသိပေးကြေညာ

၁။ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ Facebook ကဲ့သို့ Online Media များတွင် ရောင်းချနေသော အချို့တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ရရှိထားခြင်းမရှိပါသဖြင့် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်း၍ အာနိသင်ထိရောက်မှုအတွက် အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

**တိုင်းရင်းဆေးပညာဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

**သစ်ပင်စိုက်မှ အရိပ်ရ၏**
**ရိပ်ခိုနားနေ အပန်းပြေ၏**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ ပညာရေးစီမံအုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲအခမ်းအနားတက်ရောက်

**မန္တလေး ဩဂုတ် ၁၇**

အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ ပညာရေးစီမံအုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ ပညာတန်ဆောင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးနှင့် ခရိုင်ပညာရေးမှူးများ၊ သင်တန်းသား၊ သင်တန်းသူ ဆရာကြီး၊ဆရာမကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် သင်ကြားပို့ချပေးမည့်ဘာသာရပ်များ၏ အကျိုးရလဒ်အဖြစ် ဘာသာရပ်သဘောတရားများ၊ သီအိုရီဆိုင်ရာဗဟုသုတများနှင့် လက်တွေ့လုပ်ငန်းခွင်ဆိုင်ရာ အကြောင်းအရာများကိုချြင့်လေ့လာသုံးသပ်၍ မိမိတို့လုပ်ငန်းနယ်ပယ်တွင် ထိရောက်အောင်မြင်စွာ လက်တွေ့အသုံးချဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ထို့ပြင် စီမံခန့်ခွဲမှုဆိုင်ရာစုစည်းမှုစွမ်းရည်၊ စည်းရုံးမှုစွမ်းရည်၊ လှုံ့ဆော်မှုစွမ်းရည်၊ အကဲဖြတ်စွမ်းဆောင်ရည်နှင့် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုထက်မြက်လာမည်ဖြစ်ကြောင်း။

ကျောင်းအုပ်ကြီးများအနေဖြင့် ဆရာ၊ ဆရာမများ၊ ရုံးဝန်ထမ်းများက အကျိုးအကြောင်း ဆီလျော်စွာတင်ပြလာသော တင်ပြချက်များ၊ အကြံပြုချက်များကိုလည်း လက်ခံပြီး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဘာသာရပ်ခွဲဝေပေးခြင်း၊ တာဝန်ပေးခြင်းများပြုလုပ်ရာတွင် လူမှန်နေရာမှန် အရည်အသွေးမှန်အတိုင်း ခွဲဝေပေးပြီး ကောင်းစွာစီမံအုပ်ချုပ်နိုင်ရမည်ဖြစ်ကြောင်း၊ ဘက်လိုက်မှုမရှိရန်လိုအပ်သကဲ့သို့ကိုယ်ချင်းစာနာစိတ်ဖြင့် စီမံအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ ဆရာကြီး၊ ဆရာမကြီးများ၏ ကျွမ်းကျင်မှု၊ အမြော်အမြင်ရှိမှုတို့သည် အနာဂတ်ပညာရေးလောကကို များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် ပညာရေးစီမံအုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁/၂၀၂၃) သို့ စုစုပေါင်းသင်တန်းသား၊သင်တန်းသူဦးရေ ၁၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၁၆ ရက်မှ နိုဝင်ဘာ ၁၅ ရက်ထိ သုံးလကြာဖွင့်လှစ်သွားမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ မန္တလေးပညာရေးဒီဂရီကောလိပ်၌ တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ကျောင်းသူများနှင့်တွေ့ဆုံ၍ မိမိတို့ ဆရာ၊ ဆရာမများဖြစ်သည့်အခါ ကျောင်းသား၊ကျောင်းသူများကိုစာသင်ကြားပေးရုံသာမက စိတ်ဓာတ်ခွန်အားများပေး၍ အကျင့်စာရိတ္တကောင်းမွန်ပြီး မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိသူများဖြစ်အောင် ပြုစုပျိုးထောင်ပေးရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ စာသင်ခန်းအတွင်း ကျောင်းသား၊ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတက္ကသိုလ်ရှိ တက္ကသိုလ်သုတေသနစင်တာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဝန်ကြီးဌာနများ၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့်လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့၌ ကျင်းပသည်။



အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် ဦးအောင်မြိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဦးကိုကိုလွင်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ရှင်းလင်းဆွေးနွေးခြင်းနှင့် သရုပ်ပြပွဲများသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၂၈၅ ဦးတက်ရောက်ကြပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရောဝတီမြစ်ကျော် ၁၃၂ ကေဗွီဓာတ်အားလိုင်း သွယ်တန်းနေစဉ် ရေလမ်းကြောင်း ခေတ္တပိတ်ထားမည်

**နေပြည်တော် ဩဂုတ် ၁၇**

လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနသည် ရောဝတီမြစ်ကျော် ၁၃၂ ကေဗွီဓာတ်အားလိုင်းကြိုး လဲလှယ်သွယ်တန်းခြင်းကို မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မလွန်ကျေးရွာနှင့် မကွေးမြို့နယ် ပဌနဂိုရ်ကျေးရွာအကြားတွင် ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်ထိ နေ့စဉ်နံနက် ၇ နာရီ မှ ညနေ ၃ နာရီထိဆောင်ရွက်မည်ဖြစ်သည်။

ဓာတ်အားလိုင်းသွယ်တန်းနေစဉ် လုပ်ငန်းခွင်၏ အထက်နှင့်အောက်ရှိ ရောဝတီမြစ်အတွင်းမှ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့က ရေယာဉ်များဖြင့်စောင့်ဆိုင်းပြီး ရေကြောင်းခေတ္တပိတ်ထားမည်ဖြစ်သည်။ အဆိုပါရေကြောင်းအတွင်းမှဖြတ်သန်းမည့် ရေယာဉ်များအနေဖြင့် လုပ်ငန်းခွင်မှ လွတ်ကင်းရာနေရာတွင် ရပ်နားစောင့်ဆိုင်းပြီး ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ဖြတ်သန်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက်သတင်းထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA- 011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသား၊သဘာဝဘေး၊အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# မြစ်ကြီးနားမြို့၊ လားရှိုးမြို့နှင့် တန့်ယန်းမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




**သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် ဩဂုတ် ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေး အဖွဲ့က အဆိုပါမြို့ရှိ ရန်အောင်မြင် ကျောင်းတိုက်၌ ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၆၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့ နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါး ကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက် ပေးသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ဓမ္မာအေးအေတီတပ်ဦး ပရိယတ္တိစာသင်တိုက်နှင့် တန့်ယန်းမြို့ရှိ အောင်မင်္ဂလာ ဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော် ၃၀၇ ပါးနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၂၁၃ ဦး တို့ကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့များက အဆိုပါကျောင်းတိုက်များ၌ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG ၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်း များ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိ သူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များကို တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၇**

ရောဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့မှ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့ နံနက်ပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆန်၊ ဆီ၊ ဆား၊ ပဲ၊ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နယ်မြေခံ ဆေးကုသရေး အဖွဲ့က စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ နှင့် မိသားစုဝင်များကို လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံ ကြည့်ရှုအားပေးခဲ့ကြောင်း သတင်း ရရှိသည်။

**အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအတွက် စားသောက်ကုန် ပစ္စည်းများထောက်ပံ့ ပေးအပ်စဉ်။**




# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်



**နေပြည်တော် ဩဂုတ် ၁၇**

၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် ရောဝတီ ရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင် ခန်းမ၌ပြုလုပ်ရာ နယ်မြေခံ ရေတပ်ကွပ်ကဲ မှုဌာနချုပ် ဌာနချုပ်မှူးနှင့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင် များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက် ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက် လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်း များ၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

**ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာန ချုပ်မှူးက ဒိုင်းဆုရရှိသည့် အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။**

ထို့နောက် ဆုပေးပွဲကို ဆက်လက် ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိ သူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော ရောဝတီရေတပ်စခန်း ဌာနချုပ်အသင်းတို့ ကို ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးနှင့် အဖွဲ့ဝင် များက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)ကွပ်ကဲမှုအောက်ရှိ ရေတပ် စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဩဂုတ် ၆ ရက်မှ ယနေ့ထိ ပြုလုပ် ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ဩဂုတ် ၁၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၁၇**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၀၄၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၀၅ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်




**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင် တစ်ဦးကို ထောက်ပံ့ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။**

**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့ နံနက်ပိုင်းတွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူများကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဒလမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသားလေးဦးနှင့် အမျိုးသမီးလေးဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည် ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၁၇**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါးကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Zayar Min" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ်ကွက်နေ ဇေယျာမင်းကို မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ "Zuko" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြည်ကြီးတံခွန်မြို့နယ် (ယ)ရပ်ကွက်နေ ဇူးကိုအား ည ၆ နာရီ မိနစ် ၂၀ တွင် လည်းကောင်း၊ "Kyaw Min Khant" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈) ရပ်ကွက်နေ ကျော်မင်းခန့်(ခ) မင်းခန့်ကို ည ၈ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ဟာဝိုင်ရီတောမီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ ဂျပန်နိုင်ငံက ကန်ဒေါ်လာနှစ်သန်း ပံ့ပိုးသွားမည်



**တိုကျို ဩဂုတ် ၁၇**

အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ်တွင် ပြီးခဲ့သည့်ရက်သတ္တပတ်က တောမီးလောင်ကျွမ်းမှုကြောင့် လူဦးရေ ၁၁၀ ထက်မနည်း သေဆုံးခဲ့ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ အမြောက်အမြားရှိခဲ့ရာ ဟာဝိုင်ရီတောမီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ ဂျပန်အစိုးရက လူသားချင်းစာနာထောက်ထားရေး အစီအစဉ်ဖြင့် အမေရိကန်ဒေါ်လာနှစ်သန်း ပံ့ပိုးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု JP Times သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဂျပန်အစိုးရက အဆိုပါပံ့ပိုးကြေးကို အမေရိကန်ကြက်ခြေနီအသင်းမှတစ်ဆင့် တောမီးဒဏ်သင့်ပြည်သူများကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ယာယီကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းနေထိုင်နေရသည့်ပြည်သူများကို အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများကိုလည်း အမေရိကန်ကြက်ခြေနီအသင်းမှတစ်ဆင့် ပံ့ပိုးပေးနေကြောင်း ဂျပန်အစိုးရက ထုတ်ပြန်ခဲ့သည်။

"ဂျပန်နိုင်ငံနဲ့ ဟာဝိုင်ရီပြည်နယ်ကြားဆက်ဆံရေးက အရမ်းကောင်းပါတယ်။ ဆက်ဆံလာတာကလဲ နှစ်ပေါင်းမနည်းတော့ပါဘူး။ ဟာဝိုင်ရီကျွန်းမှာ အခုလိုအခက်အခဲတွေနဲ့ ရင်ဆိုင်နေရတဲ့အချိန်မှာ ဂျပန်နိုင်ငံအနေနဲ့ အတတ်နိုင်ဆုံးကူညီပေးချင်တယ်။ ဂျပန်နိုင်ငံနဲ့ ဟာဝိုင်ရီပြည်နယ်ကြား ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆက်ဆံမှုတွေ ပြုလုပ်နေတယ်။ ဆက်ဆံရေးကိုလဲ ရေရှည်တည်တံ့ခိုင်မြဲဖို့ နှစ်ဖက်စလုံးက ကြိုးစားနေပါတယ်။ ဒါကြောင့်လဲ ဂျပန်အစိုးရက အမေရိကန် ကြက်ခြေနီအသင်းဆီ ဆက်သွယ်ပြီးတော့ ကူညီပံ့ပိုးပေးဖို့ စီစဉ်နေပါတယ်"ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုရှီမာဆာက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးထံမှတစ်ဆင့် ဂျပန်အစိုးရက ပံ့ပိုးပေးသွားမည့်ပစ္စည်းများကို ပေးပို့သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးယိုရှီမာဆာက ပြောကြားခဲ့သည်။ **ခိုင်းဆက်**

# ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးနှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့်ဆွေးနွေးခဲ့

**ဘရာစီးလီးယား ဩဂုတ် ၁၇**

ဘရာဇီးနိုင်ငံ၏ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့်ရက်သတ္တပတ်က အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက ဩဂုတ် ၁၆ ရက်ကထုတ်ပြန်ခဲ့သည်ဟု The Print သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကို ဖုန်းဖြင့်ဆက်သွယ်၍ ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဆက်စပ်၍ ဘရာဇီးပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက်လည်း ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း တွစ်တာစာမျက်နှာမှတစ်ဆင့် ရေးသားဖော်ပြခဲ့သည်။

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်ရေးအတွက် အမေရိကန်လွှတ်တော်မှ ချေးငွေအဖြစ် အမေရိကန်ဒေါ်လာသန်း ၅၀၀ ထိ ရယူသွားရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ထံ အကူအညီ တောင်းခံခဲ့ကြောင်း၊ ထို့ပြင် အမေရိကန်နိုင်ငံက အမေဇုန်မိုးသစ်တောပြုန်းတီးမှုကာကွယ်ရေးအတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံထိ ပံ့ပိုးပေးသွားမည်ဟု ကတိပေးထားပြီး အဆိုပါပံ့ပိုးမှုနှင့်ပတ်သက်၍လည်း သမ္မတလူလာဒါဆေးလ်ဗားနှင့် သမ္မတဂျိုးဘိုင်ဒင်တို့ကြား ဆွေးနွေးမှုတစ်ရပ်ပြုလုပ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

အမေဇုန်မိုးသစ်တောအတွက် အမေရိကန်နိုင်ငံက ပံ့ပိုးပေးမည့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကိုလည်း ပျက်စီးနေသည့်အမေဇုန်မိုးသစ်တောဧရိယာများတွင် သစ်တောကြိုးဝိုင်းများ ပြန်လည်ဖန်တီးရေးလုပ်ငန်းများအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်းလည်း သမ္မတလူလာဒါဆေးလ်ဗားက တွစ်တာစာမျက်နှာမှတစ်ဆင့် ဘရာဇီးပြည်သူများကို အသိပေးခဲ့သည်။

**ခိုင်းဆက်**



# စပိန်နိုင်ငံ တီနီရိုဖ်ကျွန်းတောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေ

**မက်ဒရစ် ဩဂုတ် ၁၇**

စပိန်နိုင်ငံ တီနီရိုဖ်ကျွန်းတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး တောမီးလောင်ကျွမ်းမှုသည် ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေကြောင်း တီနီရိုဖ်ကျွန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Metro သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားပြီး ၂၄ နာရီအတွင်း ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သကဲ့သို့ တောမီးသည် နေအိမ်များသို့ ကူးစက်လာနိုင်သည့်အခြေအနေသို့ရောက်ရှိနေကြောင်းလည်း တီနီရိုဖ်ကျွန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"တောမီးလောင်ကျွမ်းမှုဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကိုရောက်ရှိနေပြီဖြစ်ပါတယ်။ ရာသီဥတုအခြေအနေကြောင့် တောမီးလောင်ကျွမ်းမှုဟာ ၂၄ နာရီအတွင်း ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိခဲ့တယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေတဲ့နေရာဟာ မြေပြင်ကနေသွားလာရခက်ခဲတဲ့အတွက်ကြောင့် မီးသတ်တပ်ဖွဲ့ဝင်တွေအနေနဲ့ မီးသတ်ကားတွေအသုံးပြုဖို့ အခက်တွေ့နေတယ်။ လေကြောင်းအကူအညီရယူသွားမှပဲ တောမီးကို ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်"ဟု တီနီရိုဖ်ကျွန်း အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဖာနန်ဒိုကလာဗီဂျိုက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် ဧရိယာမှာ ဧက ၁၈၀၀ ထိ ကူးစက်လောင်ကျွမ်းနေခြင်းဖြစ်ပြီး တောမီးလောင်ကျွမ်းမှုဖြစ်ပွားသည့်ဧရိယာသည် မြေအနေအထားကြောင့် သွားလာရန်ခက်ခဲနေ၍ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့်လည်း တောမီးကိုထိန်းချုပ်နိုင်ရန် ခက်ခဲနေကြောင်း တီနီရိုဖ်ကျွန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

တီနီရိုဖ်ကျွန်းအာဏာပိုင်အဖွဲ့အစည်းကလည်း နေအိမ်များသို့ တောမီးကူးစက်လာခြင်းမရှိစေရေးအတွက် အစီအစဉ်ထားဆောင်ရွက်နေပြီး ဒေသခံတချို့ကိုလည်း လိုအပ်လာပါက ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ရေး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် ညွှန်ကြားထားကြောင်း သိရသည်။ **ခိုင်းဆက်**

## ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။



၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်များကို ပိတ်ထားပါ။




၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။



၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်ခြံ အတွင်း၌ ရှိ ၊မရှိ စစ်ဆေးပါ။



## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



0w Mkv M @

# ခုံဖိနပ်ကလေးနှစ်ရန်

စံဈာနီထွန်း



(၁)

"ဟဲ့ကုလား ဒီမယ်ကြက်သွန်တွေ၊ အာလူးတွေ သေချာလာစီအုံးလေကွယ်"

"ဟုတ် အဘွား"

"ပီသာချိန်တွေ စာအုပ်ထဲမှာသေချာမှတ်ထား။ ပြီးရင် ငါ့ဆီလာပေး"

"ဟုတ်ကဲ့ အဘွား"

အဘွားဒေါ်ညိုမှာ ဒေါ်ညိုဆိုတဲ့အတိုင်း အသားခပ်ညိုညို၊ ပိန်ပိန်သွယ်သွယ်။ အသက်က ၆၀ ကျော်။ ရုပ်ရည်မလှရှာပေမဲ့ စိတ်ကောင်းရှိရှာတော့ တူတွေ၊ တူမတွေတစ်ပြုံတစ်ခေါင်းကြီးကို တင်ကျွေးထားရတာ ပန်းတယ်လို့မညည်းညူမိ။ အရင်ကတော့ ကုန်ခြောက်ဆိုင်ဖွင့်ထားပြီး ဒေါ်ညိုအိမ်လာစားနေကြတဲ့ တူတွေ၊ တူမတွေကို ဝဝလင်လင်စားခွင့် ပေးထားရှာတာပါ။ ညီမဖြစ်သူ ဒေါ်ပျိုမွေးထားတာ ကိုးယောက်။ ဒေါ်ညိုကတော့ ညီမကိုပြောင်ပြောင်နောက်နောက် ချစ်စနိုးခေါ်တာ ရှင်မွေးလွန်း။ ဒေါ်ညိုက အပျိုကြီး။ တူတွေ၊ တူမတွေ အိမ်ထောင်ကျတော့ သူတို့မွေးထားတဲ့ မြေးတချို့က ဒေါ်ညိုဆီမှာ။ ကုလားက တူကမွေးတဲ့မြေးပါ။ တူရဲ့မိန်းမသေသွားရှာတော့ ငါးနှစ်သားကလေး ကုလားကို ဒေါ်ညိုလက်ထဲထည့်ပေးပြီး တူပါသူ့မိန်းမရဲ့ မရဏာလမ်းအပြီးလိုက်သွားရှာတာ။ ကုလား ကြီးလာတော့ ဒေါ်ညိုရဲ့လက်ကသုံးတောင်ဇွေး အစစအရာရာ အားကိုးနေရပြီ။ မသိအောင်တစ်မျိုး၊ သိအောင်တစ်မျိုး ထင်းမီးသွေးကအစ လာလာယူတတ်တာ ညီမ ဒေါ်ပျို။ အစစအရာရာ ဈေးနှုန်းတွေ မြင့်တက်လာတော့ ဒေါ်ညိုစိစစ်ရပြီ။ ညီမအရင်းရယ်လို့ လာတိုင်း မယူရအောင် ကုလားကို သေချာမှာထားရပြီ။ ဒေါ်ညို စိတ်ပုပ်သူမဟုတ်ပါ။ ကျွေးနိုင်တုန်းက တစ်ပြုံတစ်ခေါင်းကို ကျွေးမွေးပေးကမ်းခဲ့ပြီးပြီ။ အခုလို အစစအရာရာစိစစ်ခဲ့ရတော့ ကွယ်ရာမှာ ကပ်စေးနဲအဘွားဆိုပဲ။ ဒေါ်ညိုသိပါတယ်။ ပေးနိုင်သလောက်ပေးပေမဲ့ လောဘအတောမသတ်နိုင်ကြတဲ့ တူနဲ့တူမတွေ။

"ဟဲ့ကုလား ကြီးညိုရော ကြီးညို"

"ရှိတယ် နောက်ဘက်မှာ ဟင်းချက်နေတယ်"

"ဟေး မိတာ ဘာလဲဟေ့"

"ကြီးညိုရယ် လုပ်ပါအုံး။ ကိုတင်မြင့် မကျန်းမာလို့ ငွေ ၅၀၀၀၀ လောက်"

"ဟင် ဟိုနေ့ကပဲ ငါ့ဆီလာသေးတယ်လေ ဘာများဖြစ်တာလဲ"

"အဆုတ်အအေးပတ်ပြီးဖျားတာ ကြီးညိုရဲ့"

"ဩော်. . . ငါ့မှာ ငွေ ၅၀၀၀၀ တော့မရှိဘူး မိတာ။ ငွေ ၁၀၀၀၀ တော့ရှိတယ်ယူသွား။ ပြန်လဲ မပေးတော့နဲ့"

"ငွေ ၅၀၀၀၀ ရမှဖြစ်မှာကြီးညို၊ ငွေ ၁၀၀၀၀ နဲ့ မရဘူး"

"ဟဲ့ ငွေ ၁၀၀၀၀ ဆိုရပြီလေ။ မလောက်ရင် နင့်အမေဆီသွားယူပေါ့"

"အမေကမရှိဘူးတဲ့ သွားမေးပြီးပြီ"

"ဆေးခန်းသွားတာ ငွေ ၅၀၀၀၀ မကုန်ပါဘူးဟယ်။ ညည်းတို့လဲ တစ်ဆိတ်ရှိ ငါ့ပဲအားမကိုးနဲ့။ ခြေစောင့် လက်စောင့်လေးလဲထားကြအုံး"

"ကြီးညို"

"တော်ပြီဆက်မပြောတော့နဲ့။ ရော့ ငွေ ၁၀၀၀၀ ယူ ပြန်တော့"

"ကြီးညိုကလဲ"

"ဘာလဲ မယူတော့ဘူးလား"

"အဲ ယူမှာပေးပေး ကြီးညိုသွားပြီ"

"ဟင်း"

အဝေးရောက် တူ၊ တူမ သုံးယောက်ကလွဲပြီး ကျန်တဲ့သူတွေအကုန် ငွေလိုရင် ဒေါ်ညိုဆီစုပြုံလာကြတာများပါတယ်။ ကုလားကတော့-

"အဘွား သူတို့ တောင်းတိုင်းပေးမနေနဲ့။ ပေးပြီးလဲ ပြန်ဆပ်ကြတာ မဟုတ်ဘူး"

"ကျန်းမာရေးကလွဲပြီး သူတို့တောင်းတိုင်းမပေးပါဘူးကုလားရယ်"

"အလကားအဒေါ်တွေ အဘွားဆီငွေလာညှစ်နေကြတာ။ အလုပ်ကျ တစ်ယောက်မှဝိုင်းကူလုပ်ပေးဖို့ မစဉ်းစားဘူး"

(၂)

"အဘွား အဘွား"

"ဟေ"

"အဘွားဒေါ်ပျိုက သူ့အိမ်ဝင်းရောင်းတော့မလို့ တဲ့အဘွား"

"ဟဲ့ သူ့ဝင်းရောင်းရင် ဘယ်သွားနေမှာလဲ။ ဒီကောင်မ မဟုတ်တာလုပ်ပြီ"

"ကျွန်တော် ပွဲစားမန်းကြီးဆီက ကြားလာတာ။ အိမ်ဝင်းရောင်းရငွေတွေ သားသမီးတွေကို အကုန်ခွဲပေးပြီး သမီးတွေဆီမှာ တစ်လှည့်စီလိုက်နေမယ်ဆိုပဲ"

"မဟုတ်သေးပါဘူးဟယ်။ ငါသွားမေးအုံးမှပါ"

"ဟဲ့မိပျို နင့်အိမ်ဝင်းရောင်းတော့မယ်ဆို"

"ဟုတ်တယ်အစ်မညို၊ မရောင်းလို့မဖြစ်တော့ဘူး။ မိတာ၊ တရုတ်မနဲ့ ကုလားမက ဘယ်လိုမှပြေလည်တာ မဟုတ်ဘူး။ စားရမဲ့၊ သောက်ရမဲ့ဘဝ ဖြစ်နေတာ၊ ကျွန်မ ဘယ်လိုနှလုံးသားနဲ့ကြည့်နေရမလဲ အစ်မညိုရယ်"

"နင့်သမီးတွေက အိမ်ထောင်တွေပဲကျနေပြီဟယ်။ သူတို့ယောက်ျားတွေရှိတာပဲ"

"အစ်မညိုမသိတာလဲမဟုတ်၊ ယူထားတဲ့ယောက်ျားတွေက အရက်သမားနဲ့ဖဲသမား လက်ကြောမတင်း။ သမီးတွေပဲ ဖတ်ဖတ်မောရှာကျွေးနေရတာ။ ရှာကျွေးနေတဲ့ မိတာရဲ့ယောက်ျားကျတော့ မကျန်းမာ"

"နင့်အိမ်ရောင်းပြီးအမွေခွဲပေး။ ပြီးတော့ သူတို့အိမ်လိုက်နေမလို့ဆို။ သူတို့တောင်အနိုင်နိုင် ဘယ်လိုသွားနေမှာလဲ မိပျိုရယ် ကြည့်လဲလုပ်ပါအုံး"

"ကုလားမနဲ့ တရုတ်မက ကျွန်မဆီက အမွေရရင် သူတို့ယောက်ျားတွေနဲ့ကွာပြီး စီးပွားရေးလုပ်မယ်။ အမေအတူလာနေလို့ခေါ်တာ ကျွန်မလုပ်ပေးရမှာပေါ့ အစ်မညိုရယ်"

"ငါတော့ရင်လေးတယ် မိပျိုရယ်။ နင့်သားအကြီးကောင်နဲ့ အလတ်ကောင်က မွေးထားတဲ့မြေးတွေကော ပင်လုံမှာအလုပ်အကိုင်အဆင်ပြေကြတယ်ပြောတယ် တောင်းကြည့်ပါအုံး။ အိမ်ဝင်းရောင်းဖို့ နင်စဉ်းစားပါ။ သားသမီးယုံ စုံလုံးကန်းမဖြစ်စေချင်ဘူး"

"အင်းပါ အစ်မညိုရယ်"

(၃)

တစ်နှစ်ကြာပြီးသည့်နောက်-

"အဘွား ဘွားပျို ဘွားပျိုလေ ကျိုး ကျိုးတာ. . . "

"ဟဲ့ကုလား ပြောလေ မထိတ်သာမလန့်သာ အရေးထဲစကားထစ်နေသေးတယ်"

"ဒေါ်ကုလားမက သူ့ယောက်ျားနဲ့ပြန်ပေါင်းလို့ ဘွားပျိုနဲ့စကားအချေအတင်ဖြစ်ကြတာ။ ဒေါ်တရုတ်မပါ ဝင်ပြောတော့ ညီအစ်မနှစ်ယောက် ရန်ထသတ်ကြပါရော ဘွားပျိုကိုတွန်းလှဲလိုက်သလိုဖြစ်သွားတာ။ အဲဒါ ဘွားပျိုပေါင်ရိုးကျိုးသွားလို့"

"ဟယ်ဒုက္ခပါပဲ။ လာကုလား ဆိုင်ပိတ်ပြီးတစ်ခါတည်းငါနဲ့လိုက်ခဲ့"

"မိပျို လာဆေးရုံသွားမယ်။ ကုလား ဆိုက်ကားပေါ်ပွေ့တင်၊ တရုတ်မ ညည်းပါတစ်ခါတည်းလိုက်ခဲ့။ ဟိုကောင်မ ကုလားမဘယ်မှာလဲ"

"ငိုနေတယ်ကြီးညို၊ သူ့ကြောင့် အမေဖြစ်ရပါတယ်ဆိုပြီး"

"ထားလိုက်။ အမေ့ဆီက အမွေတွေယူပြီး ကတိမတည် လင်ဆာမ ငိုပါစေ"

ဆေးရုံရောက်တော့ ကျိုးသွားတဲ့ပေါင်ရိုးက ကျောက်ပတ်တီးစည်းရုံနဲ့မဖြစ်တော့ စတီးချောင်းထည့်ရမှာမို့ ဆေးရုံမှာတင် ၁၀ ရက်နေရပါတယ်။ ညီမဖြစ်သူဆေးရုံကဆင်းတော့ ဒေါ်ညိုပဲ အိမ်ခေါ်လာလိုက်ပါတော့တယ်။ အရေးကြီးသွေးနီးရပါပြီ။ ညီမဖြစ်သူဒုက္ခကို ဒေါ်ညိုလျစ်လျူမရှုရက်။ ပြေးကြည့်မှ ဒီညီအစ်မနှစ်ယောက်သာ။ ညီမဖြစ်သူက မွေးထားတဲ့သားသမီးတွေကို ဒေါ်ညို စိတ်တိုစိတ်ကုန်မိတယ်။ မြေးဖြစ်သူကုလားက လိမ္မာရေးခြားရှိလို့ ကုလားကိုတော့စိတ်တိုင်းကျမိပါတယ်။ ဒေါ်ပျိုကို ပြုစုကြသူက ဒေါ်ညို၊ ကုလားနဲ့ တရုတ်မ။ ကျန်သားသမီးတွေက မလာတစ်ချက်လာတစ်ချက်။ အဆိုးဆုံးကမိတာ။ တစ်မြို့တည်းနေတာတောင် ဆေးရုံကဆင်းတဲ့အချိန်လေး တစ်ခါသာလာပြီး ပေါ်မလာတော့။ ဒေါ်ညိုကတော့ သူ့ဝသီအတိုင်း ပြောတတ်သေးတာ-

"အလကား ရတာနာကလေးတွေ အမွေယူတော့ တစ်ပြုံတစ်ခေါင်း၊ အမေ မကျန်းမာတော့ လာသူမရှိ လူ့တိရစ္ဆာန်တွေ"တဲ့။

(၄)

သေသွားတဲ့ဦးလေးနှစ်ယောက်ရဲ့သား ပင်လုံမြို့မှာနေတဲ့ ဒေါ်ပျိုမြေးတွေကတော့ အဘွားဆေးကုစရိတ်အတွက် ငွေလှမ်းပို့ရှာပါတယ်။ လူကတော့မလာနိုင်ကြ။ မြေးမို့လို့ထားပါ။ အဘွားဒေါ်ပျိုရဲ့ အဝေးရောက်သားသမီးတွေဖြစ်ကြတဲ့ ဦးမြင့်၊ ဒေါ်ခရေ၊ ဒေါ်မိထားတို့က ငွေတစ်ခါလှမ်းပို့ပြီး တစ်ခါမှမရောက်လာ။ အိမ်ဝင်းရောင်းတုန်းကတော့ တစ်ပတ်ကြိုပြီးရောက်လာကြတာလူစုံတက်စုံ။ ကုလားတို့လို မြေးတွေကတော့ ဘာရယ်မဟုတ် ဦးလေးတွေ၊ အဒေါ်တွေကိုတွေ့ရတော့ ပျော်ခဲ့ရပါသေးတယ်။ အဘွားဒေါ်ပျိုရဲ့သား ဦးငယ်လေး တစ်ယောက်ကတော့ အလုပ်လုပ်မယ်ဆိုပြီးထွက်သွားတာ ဘာသတင်းမှမကြားရတာ နှစ်ချီနေပါပြီ။ အဘွားဒေါ်ပျိုကို စတီးချောင်းပြန်ထုတ်ရင် အသက်အရွယ်ကြောင့် ခံနိုင်ရည်မရှိမှာမို့ မထုတ်ဖြစ်တော့။ လမ်းလျှောက်ရင်အကူအတွဲပါမှ သွားနိုင်တော့တာပါ။ ညီမကို ပြုစုရင်း အဘွားဒေါ်ညိုပါ ကျန်းမာရေးဖောက်လာတော့ အိမ်ဝင်းကိုတစ်ခြမ်းခြမ်းပြီး ဆေးကုသစရိတ်လုပ်ရတော့တာပေါ့။ ကျန်းမာတဲ့အချိန် အဘွားဒေါ်ညိုဆီငွေလာတောင်းသူတွေ အဘွားဒေါ်ညို မကျန်းမာတဲ့အချိန် ဘယ်သူမှရောက်မလာတော့ပါ။ အဘွားဒေါ်ပျိုလဲ အိပ်ရာထဲပက်လက်။ ဒေါ်ကုလားမကတော့နောက်ပိုင်းရောက်လာပြီး အဘွား ဒေါ်ညိုနဲ့ ဒေါ်ပျိုကို တစ်လှည့်စီပြုစုပါသေးတယ်။ အပင်ပန်းဆုံးက ကုလား။ ဆိုင်ကတစ်ဖက် ချေးအိုးသေးအိုးဆို မရွံမရှာသွားသွန်ပေးရတာပါ။ တစ်နေ့-

"ကုလား"

"ဗျာ အဘွား"

"အဘွားရဲ့ကျန်တဲ့အိမ်နဲ့ဝင်းတစ်ဝက်ကို စာချုပ်ချုပ်ပြီး ငါ့မြေးကိုပေးခဲ့မယ်"

"ဟာ မယူပါဘူး အဘွားရယ်"

"မယူလို့မဖြစ်ဘူး။ အဘွားရဲ့ အိမ်ဝင်းကို မျက်စောင်းလှမ်းထိုးနေကြလောက်ပြီ။ မိပျိုလဲ အိပ်ရာထဲက မထနိုင်တော့ဘူး။ အဘွားသေသွားရင် မြေးပဲဆက်တာဝန်ယူရမှာ။ တာဝန်ကျေတဲ့ ငါ့မြေးကုလား ရသင့်ရထိုက်တာ။ ကုလား"

"ဗျာ"

"ရော့ သံသေတ္တာသော့၊ သေတ္တာထဲမှာ အဘွားတစ်သက်လုံးစုထားတဲ့ ရွှေနဲ့ပတ္တမြား၊ နီလာအလုံးတွေရှိသေးတယ်။ မိပျိုအတွက် တာဝန်ဆက်ယူပေးနော်အဘွားမိပျိုကိုစိတ်မချဘူး။ မိပျိုဘဝသနားစရာပါ။ အဘွားကိုမိဘတွေက အိမ်ထောင်ချပေးတာ မယူချင်လို့ထွက်ပြေးတော့ မိပျိုနဲ့ပဲပေးစားလိုက်ရလို့ သူအိမ်ထောင်ကျပြီး သားသမီး ကိုးယောက်မွေးခဲ့တာ။ သူ့ယောက်ျားက အစောသေရှာလို့ နို့မို့ဆို သူနေရာမှာ အဘွားပေါ့ အဘွားစိတ်ချပါရစေ။ တရုတ်မ၊ ကုလားမတို့ မသိစေနဲ့နော်"အဘွားဖြစ်သူဒေါ်ညိုရဲ့ နောက်ဆုံးအမှာစကားပါ။

စာမျက်နှာ ၂၅သို့ ➤

# ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၁၃၅၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ခန္တီး ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၁၃၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ဧက ၁၂၈၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၁၃၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ခန္တီးမြို့နယ်အတွင်း မိုးသီးနှံစုံ ဧက ၁၂၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးသီးနှံစုံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ မိုးသီးနှံစိုက်ပျိုးရာသီမှာ အချိန်မီ စိုက်ပျိုးကြဖို့ ဆောင်ရွက်နေပါတယ်။ နည်းပညာပေးလုပ်ငန်းတွေလဲ ဆောင်ရွက်နေပါတယ်"ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် မိုးသီးနှံများ စိုက်ပျိုးပြီးစီးမှု အနေဖြင့် မိုးစပါး ၇၃၄၆ ဧက၊ အစေ့ထုတ်ပြောင်း ၄၆၅ ဧက၊ ပဲပုပ် ၁၃၈ ဧက၊ မိုးနှမ်း ဧက ၁၃၀၊ ရော်ဘာ ၂၄၉ ဧက၊ စားဖိုဆောင်သီးနှံ ၁၂၅ ဧက၊ လက်ဖက် ၂၈၃ ဧက၊ ပီလောပီနံ ၂၀၅ ဧက၊ ဟင်းသီးဟင်းရွက် ၁၁၁၅ ဧကနှင့် အခြားသီးနှံဧက ၁၃၀၀ စုစုပေါင်း ၁၁၃၅၆ ဧက ဖြစ်ကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစုံစိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မိုးစပါးဧက ၈၃၀၀၊ အစေ့ထုတ်ပြောင်း ၄၅၉ ဧက၊ နှမ်း ၁၂၅ ဧက၊ နေကြာ သုံးဧက၊ ပဲပုပ် ၁၇၅ ဧက၊ အခြားပဲ ဧက ၁၁၀၊ စားဖိုဆောင်သီးနှံ ၁၂၆ ဧက၊ လက်ဖက် ၂၈၁ ဧက၊ ကော်ဖီ သုံးဧက၊ ပီလောပီနံ ၁၈၁ ဧက၊ ဟင်းသီးဟင်းရွက် ၁၁၂၁ ဧကနှင့် အခြားသီးနှံ ၁၉၇၆ ဧက စုစုပေါင်းဧက ၁၂၈၆၀ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ခန္တီးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးသူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် သွင်းအားစုပစ္စည်းများ ဈေးကြီးနေသဖြင့် ငါးတံခွန်ပေါင်းခံရည် ပြုလုပ်သုံးစွဲနည်းလမ်းများ၊ သဘာဝမြေဆွေးပုံ ပြုလုပ်သုံးစွဲနည်းလမ်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# တန့်ယန်းမြို့နယ် ခုံကွတ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**တန့်ယန်း ဩဂုတ် ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခုံကွတ်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ခုံကွတ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ခုံကွတ်ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် တစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၇၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ယခုနှစ် ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ခုံကွတ်ကျေးရွာရှိ အိမ်ခြေ ၅၂ အိမ်၊ လူ ၂၀၉ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၈၀ ကျော်မှ ထွက်ရှိသည့် ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**နီလာ**



## တောင်သူ့အားမာန်

\- ရွာတစ်ကြော
သာမောဖွယ် တစ်ပုံတစ်ပင်
ရှုဖွယ်စုံလင်၊
စိမ်းလဲ့လဲ့ လယ်ယာပြင်
တွယ်တာခင် တောင်သူများ၊
ရိုးသားစွာ အသက်မွေးတယ်
သွေးချွေးနဲ့အား။

\- အချိန်ကို တန်ဖိုးထားလို့
ကြိုးစားကြ ထာဝစဉ်
တောင်သူ့လုပ်ခွင်၊
နေပူလည်း မငြိုမငြင်
မိုးသည်းလျှင် ဘယ်မပှု၊
လောကခံကို ရင်ဆိုင်နွှဲတယ်
အမြဲအန်တု။

\- ကောင်းရာကို တွေးကြံပြုလို့
ကောင်းမှုတို့ အမြဲရှာဖွေ
တို့တောင်သူတွေ၊
ပေးဆပ်ခြင်းနဲ့ ရှင်သန်နေ
သယ်ပိုးပေ တိုင်းပြည်အကျိုး၊
ပြည့်ရိက္ခာ ဖူလုံရေးကို
သွေးချွေးနဲ့ပျိုး။ ။

**ရဲသွေးနီ(တက်ဝန်)**

# စလင်းမြို့နယ် ရေမကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန်၊ အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးရရှိစေရန်အတွက် ရေမကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေစတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာမွှာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရေမကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ရေမကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၀၀ ကို စတုတ္ထအကြိမ်အဖြစ် စီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေမကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။ **အထွေး**

➤ **စာမျက်နှာ ၂၄မှအဆက်**

(၅)

အဘွားဒေါ်ညိုဆုံးပြီးနောက် တစ်လအတွင်းမှာပဲ ဒေါ်ပျိုလဲ ဒေါ်ညိုနောက်ကို လိုက်သွားပါတော့တယ်။ ရက်လည်မှာတော့ အဘွား ဒေါ်ပျိုရဲ့သားသမီးတွေ စုံစုံလင်လင်။ ဦးလေးငယ် တစ်ယောက်တော့မလာပါ။ သေရွာပြီထင်ပါတယ်။ ဦးမြင့်၊ ဒေါ်ခရေ၊ ဒေါ်မိထား၊ ဒေါ်မိတာ၊ ဒေါ်ကုလားမ၊ ဒေါ်တရုတ်မ။ ဦးမြင့်က

"ကုလား ငါတို့ရှင်းရှင်းပဲပြောတော့မယ်။ အဘွားဒေါ်ညိုထားသွားတဲ့ အိမ်ဝင်းစာချုပ်နဲ့ အတွင်းပစ္စည်းတွေ မင်းဆီမှာရှိရင်ငါတို့ကိုပေး မင်းအတွက်လဲ မနစ်နာစေရဘူး"

"သိတယ်။ ကျွန်တော် ဒါတွေအကုန်လုံးသိလို့ ဆေးကုသစရိတ်၊ အသုဘစရိတ်၊ ရက်လည်အတွက်စရိတ်တွေ အကုန်ဖယ်ထားပြီး ပိုတဲ့ငွေမှန်သမျှ ဘုန်းကြီးကျောင်းက ရိပ်သာဆောက်လုပ်တဲ့အထဲမှာ ရေစက်ချလှူပြီးသွားပြီ။ ရိပ်သာဆောက်နေတာရှေ့လဆိုပြီးပြီ။ အဘွား နှစ်ယောက်နာမည်ကို ကျောင်းဆောင်သစ်ကြီးရှေ့မှခ်မှာ ရွှေစာလုံးတွေနဲ့ လုလှပပမြင်ကြရမှာပါ။ ကျွန်တော်ကတော့ လောဘ၊ မောဟတွေနဲ့ အမှောင်ဖုံးပြီးမေတ္တာ၊ စေတနာကိုတောင် ပြန်လည်တုံ့ပြန်ရမှန်းမသိကြတဲ့ လူမဟုတ်တဲ့ လူ့တိရစ္ဆာန်တွေကို စိတ်ကုန်လွန်းလို့ မနက်ဖြန် သာသနာ့ဘောင်ထဲ အပြီးဝင်တော့မှာပါ။ ဒီအိမ်ဝင်းလဲ ဆန်စက်သူဌေး ဦးမင်းမင်းကိုရောင်းထားပြီးသား၊ ငွေအပြီးချေပြီးသား။ ညနေကျရင် ဦးမင်းမင်းလာလိမ့်မယ်"

"မင်း မင်း"

"ကုလား နင်လုပ်တာတွေမဟုတ်ဘူးနော်"

"ဟုတ်လား မဟုတ်လားဆိုတာ ဒေါ်ကြီးမိတာအသိဆုံးပါ။ အဘွားဆေးရုံက ဆင်းလာတော့ အဘွားဒေါ်ညိုရဲ့ သံသေတ္တာထဲက ပစ္စည်းတွေ နှိုက်ယူနေတာ ကျွန်တော်မြင်လိုက်ပါတယ်"

"နင် နင်"

"မိတာ ငါတို့ကိုမပြောဘူး။ နင်ဘာတွေရသွားလဲ"

"ဟဲ့ ငါမယူဘူး။ ကုလားလျှောက်ပြောတာ"

"ကုလားက မဟုတ်တာမပြောဘူး နင်ပြော"

"ကဲ. . . ကြီးဒေါ်တို့၊ ဘကြီးတို့ တော်ကြပါတော့။ အဘွားနှစ်ယောက် အမွေကျန်ပါသေးတယ်။ ဟိုမှာနံရံထောင့်ထောင်ထားတဲ့ စက္ကူဘူးကြီးထဲမှာ ဦးသူရမှာပါဗျာ"

မောင်နှမတစ်တွေ အပြေးအလွှားသွားပြီး အလုအယက်ဖွင့်ကြည့်ကြတော့ စက္ကူဘူးထဲမှာ အဘွားဒေါ်ညိုနဲ့ အဘွားဒေါ်ပျိုတို့ အမြဲစီးနေကျ ခုံဖိနပ်နောက်မြီးပြတ်ကလေးနှစ်ရန်က ညီညီညာညာ။

# ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရာတွင် သတိပြုစေချင်

**စိန်လှိုင်ပိုလ်**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူသည့်အမိန့်ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ အမှုတစ်ခုတွင် တရားခံကို တိုက်ခန်းတစ်ခန်းတွင် မူးယစ်ဆေးဝါးများနှင့်အတူ ရှာဖွေတွေ့ရှိရမိသည်။ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းသည်။ ထို့နောက်တစ်ဖန် ၎င်းတရားခံ နေထိုင်သော သီးခြားတိုက်ခန်းတစ်ခုကိုပါ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းပြီးနောက် နိုင်ငံ့ဘဏ္ဍာ သိမ်းဆည်းခြင်းနှင့်ပတ်သက်၍ အငြင်းပွားမှုများ ပေါ်ပေါက်ပြီး အထူးအယူခံခုံရုံးထိ ရောက်ရှိစီရင်ဆုံးဖြတ်ခဲ့သော အမှုတစ်ခုကို အကြောင်းပြု၍ ရေးသားဖော်ပြပါမည်။

**အမှုဖြစ်စဉ်အကျဉ်း**

အမှုမှာ ၁၉၉၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်ညတွင် ရန်ကုန်တိုင်းမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ **ပုဇွန်တောင်မြို့နယ် ဦးဝိစာ့လမ်း တိုက်အမှတ် (၁၅) တတိယထပ်**ကို စောင့်ကြည့်နေစဉ် တင့်လွင်(ခ) တောသားဆိုသူကို တွေ့ရှိမသင်္ကာသဖြင့် ဖမ်းဆီးကာ တိုက်ခန်းတွင်းသို့ ဝင်ရောက်ရှာဖွေသည်။ တင့်လွင် (ခ) တောသား၏ ခန္ဓာကိုယ်နှင့် အင်္ကျီကြား၊ ဘောင်းဘီအိတ်အတွင်း၊ အိမ်နောက်စတိုခန်းအတွင်း စသည့်နေရာအသီးသီးမှ ငွေကြေး၊ မူးယစ်ဆေးဝါး စုစုပေါင်း ၃၆ ထုပ် အလေးချိန် ၈၁၇ ဒသမ ၇၅၇၈၃ ဂရမ်ကို ရှာဖွေတွေ့ရှိသည်။

၎င်းအိမ်အိပ်ခန်းအတွင်း၌ ရှိနေကြသော မမြင့်မြင့်သန်း၊ မနွယ်နွယ်နှင့် ရှာဖွေနေစဉ် အပြင်မှဝင်လာသည့် မအေးအေးဝင်းတို့ထံမှလည်း ငွေများအသီးသီး တွေ့ရှိသိမ်းဆည်းရမိခြင်းတို့ကြောင့် ၎င်းတို့လေးဦးကို ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူပေးရန် ဒုတိယရဲအုပ်စခန်းမှူး လှသန်းက ပုဇွန်တောင်ရဲစခန်း၌ အမှုဖွင့်တိုင်ကြားရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်) ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် (၁၁/၉၆) တွင် (၁) တရားခံ တင့်လွင် (ခ) တောသားအပေါ် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ-၂၀(က) အရ ထောင်ဒဏ်နှစ် ၂၀ ကျခံစေ၊ (၂) တရားခံ မမြင့်မြင့်သန်းအပေါ် ၎င်းဥပဒေပုဒ်မ-၂၀(က)အရ အလုပ်နှင့်ထောင်ဒဏ် ၂၅ နှစ်ကျခံစေ၊ (၃) တရားခံ မနွယ်နွယ်အပေါ် ၎င်းဥပဒေပုဒ်မ-၂၀ (က)/၂၁ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ သက်သေခံအဖြစ် သိမ်းဆည်းထားသော မော်တော်ယာဉ်၊ ငွေသားများ၊ လက်ဝတ်ရတနာပစ္စည်းများ စသည်တို့ကို ပြန်လည်ရခွင့်ရထိုက်သူများကို အယူခံရက်ကျော်က ပြန်လည်ထုတ်ပေးခဲ့သည်။

ကျန်သက်သေခံပစ္စည်းများဖြစ်သည့် တိုက်ခန်းများ၊ ရွှေထည်လက်ဝတ်ရတနာများ၊ ပစ္စည်းများနှင့် ငွေများအားလုံးကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့သည်။ ၎င်းအမိန့်ကို တင့်လွင်(ခ) တောသားက မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံ



ဝင်ရောက်ရာ ပလပ်ခြင်းခံရသည်။ မူးယစ်ဆေးဝါး သိမ်းဆည်းရမိခြင်းမရှိသော သီးခြားနေအိမ်ခန်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရခြင်းအတွက် အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားခဲ့ရာ-

"ပြစ်မှုကျူးလွန်သူ တင့်လွင် (ခ) တောသား၏ ပန်းဘဲတန်းမြို့နယ် (၆) ရပ်ကွက် (၂၉) လမ်း အမှတ် (၆၄) အခန်း (၄၆) နေအိမ်ခန်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရာ၌ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ-၂၄(ခ) နှင့် ညီညွတ်ခြင်းရှိ၊ မရှိ"ဟူသောပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

**အထူးအယူခံခုံရုံး၏ ဓိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက ပန်းဘဲတန်းမြို့နယ် (၆) ရပ်ကွက် (၂၉) လမ်း အမှတ် (၆၄) အခန်း (၄၆) သည် လျှောက်ထားသူ တင့်လွင်(ခ) တောသား နေထိုင်လျက်ရှိသည့်အခန်းဖြစ်ပြီး ၎င်းနေအိမ်ခန်းအတွင်းမှ မူးယစ်ဆေးဝါးတွေ့ရှိရမိခြင်း မပေါ်ပေါက်ကြောင်း၊ ၎င်းအခန်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းကြောင်း ချမှတ်ထားသည့်အမိန့်မှာ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ-၂၄(ခ) နှင့် ညီညွတ်ခြင်းမရှိဟု သုံးသပ်ရကြောင်း၊ ၎င်းအခန်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်အမိန့်အပေါ် အထူးအယူခံခုံရုံးက ပြန်လည်စိစစ်မှုပြုလုပ်သင့်ကြောင်း လျှောက်ထားချက်အပေါ် အထူးအယူခံခုံရုံးက စိစစ်ခဲ့သည်။

တရားရုံးချုပ်၏ စီရင်ချက်တွင် တင့်လွင်(ခ) တောသား၏ ရှေ့နေက တင့်လွင်(ခ) တောသားအပေါ် ပြစ်မှုထင်ရှားစီရင်ပြီး အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ချမှတ်ထားခြင်းကို မပြောလိုတော့ကြောင်း၊ ၎င်းအချက်နှင့်စပ်လျဉ်း၍ စွန့်လွှတ်ကြောင်း တင်ပြသဖြင့် တင့်လွင်(ခ) တောသားအပေါ် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ-၂၀(က) အရ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန် အမိန့်နှင့်စပ်လျဉ်း၍ စဉ်းစားဆုံးဖြတ်ပေးရန်မလိုတော့ကြောင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့် အခန်း(၄၆) အမှတ် (၆၄) (၂၉) လမ်း ပန်းဘဲတန်းမြို့နယ်ရှိ အခန်းနှင့်ပတ်သက်၍သာလျှင် စဉ်းစားရန်ရှိပေသည်ဟုသုံးသပ်ထားသည်ကို အထူးအယူခံခုံရုံးက စိစစ်ခဲ့သည်။

မူလရုံးတရားခံ တင့်လွင်(ခ) တောသားက အခန်း (၄၆) အမှတ် (၆၄) (၂၉) လမ်းရှိအခန်းသည် ၎င်းနိုင်ငံခြားမှပြန်လည်ရောက်ရှိပြီး နိုင်ငံခြားမှအလုပ်လုပ်ကိုင်၍ ရရှိသောငွေများနှင့် ဝယ်ယူခဲ့သောအခန်းဖြစ်ကြောင်း ထုချေခဲ့သည်။ တင့်လွင် (ခ) တောသား နေထိုင်သော ပန်းဘဲတန်းမြို့နယ် (၆) ရပ်ကွက် (၂၉) လမ်း အခန်း (၄၆) အမှတ် (၆၄) ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းသည် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ-၂၄(ခ) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုရှိ၊ မရှိ သုံးသပ်၍ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း အထူးအယူခံခုံရုံးက ဖွင့်ဆိုခဲ့သည်။

၎င်းဥပဒေပုဒ်မ-၂၄(ခ) တွင် ပုဒ်မ-၁၉ သို့မဟုတ် ပုဒ်မ-၂၀ အရ ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူသည့်အမိန့် ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်ကို ရုံးတော်က စိစစ်ခဲ့သည်။

ယခုအမှုတွင် **ပုဇွန်တောင်မြို့နယ် ဦးဝိစာ့လမ်း တိုက်အမှတ် (၁၅) တတိယထပ်(ဝဲ)ဘက်ရှိ အခန်းတွင် မူးယစ်ဆေးဝါးဘိန်းဖြူများ ရှာဖွေသိမ်းဆည်းရမိကြောင်းသာ ပေါ်လွင်သည်။ ပန်းဘဲတန်းမြို့နယ် အမှတ်(၆) ရပ်ကွက် (၂၉) လမ်း အမှတ်(၆၄) အခန်း(၄၆) သည် တရားခံ တင့်လွင်(ခ) တောသား နေထိုင်သောအခန်းဖြစ်ခြင်း တစ်ချက်သာရှိပြီး အဆိုပါအခန်းတွင် မူးယစ်ဆေးဝါးတစ်ရံတစ်ရာ ရှာဖွေသိမ်းဆည်းရမိခြင်းမရှိသည့်အပြင် မူးယစ်ဆေးဝါးရောင်းချရရှိငွေဖြင့် ဝယ်ယူခဲ့သည့်အခန်းဖြစ်ကြောင်း သက်သေခံချက် တစ်ရံတစ်ရာမရှိသဖြင့် အဆိုပါအခန်းသည် ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်ကြောင်း ကောက်ယူနိုင်မည်မဟုတ်ဟု** အထူးအယူခံခုံရုံးက တိကျခိုင်မာစွာ စိစစ်သုံးသပ်ခဲ့သည်။

ပြစ်မှုကျူးလွန်သူ တင့်လွင်(ခ) တောသား၏ ပန်းဘဲတန်းမြို့နယ်ရှိ အခန်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရာ၌ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ-၂၄(ခ) နှင့် ညီညွတ်ခြင်းမရှိကြောင်း သုံးသပ်၍ အထူးအယူခံမှုကို ခွင့်ပြုပြီး ပန်းဘဲတန်းမြို့နယ်ရှိ အခန်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေဟု ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်)က ချမှတ်ခဲ့သည့်အမိန့်နှင့် ၎င်းအမိန့်ကို အတည်ပြုသည့် တရားရုံးချုပ်၏အမိန့်တို့ကို ပယ်ဖျက်ပြီး ပန်းဘဲတန်းမြို့နယ်ရှိ အထက်ပါအခန်းကို တင့်လွင် (ခ) တောသားသို့ ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်ခဲ့သည်။ တင့်လွင် (ခ) တောသားနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ်-၇ ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# မဘိမ်းမြို့နယ် ပွေးတူးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မဘိမ်း ဩဂုတ် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဘဟဲကျေးရွာအုပ်စု ပွေးတူးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းမြင့်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များ၊ သက်ဆိုင်ရာကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ ပွေးတူးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအုန်းမြင့်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ပွေးတူးကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၁၀၁ သန်းဖြင့် ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းမြင့်က ပြောပြ၍ သိရသည်။



**ကျော်ဝိုး**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၈၄၅၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၁၈၄၅၆ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၉၉၈၂၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၆၉၁၈၆ ဧက၊ ဝန်းသိုမြို့နယ်တွင် ၂၈၄၄၅ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၂၀၈၂၅ ဧက စုစုပေါင်း ၁၁၈၄၅၆ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

"ကောလင်းခရိုင်မှာ ဒီနှစ် မိုးစပါး ၁၉၉၈၂၃ ဧကလျာထားစိုက်ပျိုးခဲ့ရာ လက်ရှိ ၁၁၈၄၅၆ ဧကစိုက်ပြီးနေပါပြီ။ မိုးစပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ မိုးစပါးစိုက်ပျိုးရာမှာ အချိန်မီစိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကာကွယ်နည်းလမ်းတွေ ဆောင်ရွက်ပေးလျက်ရှိတယ်။ ကောလင်းခရိုင်မှာ ဒေသနဲ့ ကိုက်ညီတဲ့မော်ဘီ(၂)၊ ဆင်းဧကရီ(၃) မျိုးတွေကို အဓိကထားစိုက်ပျိုးကြပြီး ရောမင်း၊ ဆင်းသုခမျိုးတွေလဲ စိုက်ပျိုးကြပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် မိုးစပါးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၉၉၅၈၂ ဧက၊ ဝန်းသိုမြို့နယ်တွင် ၃၈၉၈၉ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၆၁၂၅၂ ဧက စုစုပေါင်း ၁၉၉၈၂၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကောလင်းခရိုင်တွင် မိုးစပါးစိုက်ပျိုးမည့် တောင်သူများအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် မိုးစပါးဧက ၁၉၉၈၂၃ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါးဧကရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

## လှိုင်းဘွဲ့မြို့နယ် ဖာပွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လှိုင်းဘွဲ့ ဩဂုတ် ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရန်အတွက် ကမော့ကချူကျေးရွာအုပ်စု ဖာပွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင် ရွက်နေမှုအခြေအနေကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများသည် ဖာပွန်ကျေးရွာ၌သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဒေါနကြွယ်စင်ကုမ္ပဏီမှ တာဝန်ရှိသူကို လုပ်ငန်းများအားလုံး ဌာနမှ သတ်မှတ်ထားသော စံနှုန်းများအတိုင်း ဆောင်ရွက်ရန်မှာကြားသည်။

လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမော့ကချူကျေးရွာအုပ်စု ဖာပွန်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၆ ဒသမ ၇၈၉ သန်းဖြင့် အကျယ်လေးလက်မ၊ အနက်ပေ ၂၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဆိုလာစနစ်တည်ဆောက်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်းနှင့် အခန်းဖွဲ့ခြင်းလုပ်ငန်းများကို ဒေါနကြွယ်စင်ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် မေ ၂၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၇၅ အိမ်၊ လူ ၁၂၈၄ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ယမ်လေး**

# စနေနေ့ညမှာကစားမဲ့ ဥရောပထိပ်သီးလိဂ်တွေထဲက အစဉ်အလာအရအသာရနေတဲ့ မန်ယူအသင်း၊ ဒေါ့မွန်အသင်း၊ ဆိုစီဒက်အသင်းတို့ကို ရွေးချယ်ရမှာပါ



ဒီတစ်ပတ် စနေနေ့ညမှာတော့ ဥရောပထိပ်သီးလိဂ်တွေ အားလုံးရဲ့ ပြိုင်ပွဲတွေရှိနေတာကြောင့် ပြိုင်ဆိုင်မှုအားကောင်းတဲ့ ပွဲစဉ်တွေကို ကြည့်ရှုရအုံးမှာပါ။ ပြီးခဲ့တဲ့တစ်ပတ်ကတော့ ပရီးမီးယားလိဂ်၊ ပြင်သစ်လီဂူး၊ စပိန်လာလီဂါတို့သာ ဘောလုံးရာသီစတင်ခဲ့တာကြောင့် ပွဲစဉ်တွေနည်းပါးခဲ့ပေမဲ့ အခုတစ်ပတ်မှာတော့ ထိပ်သီးလိဂ်အားလုံး ကစားမှာဖြစ်လို့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုနဲ့ ခြေရည်တူအသင်းတွေ့ဆုံတဲ့ ပွဲစဉ်တွေ များပြားနေတာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေထဲကမှ အပြောင်းအရွှေ့ကာလမှာ ကစားသမားဖြည့်တင်းမှုပြုလုပ်နိုင်ခဲ့ပြီး အစဉ်အလာအရ ရလဒ်ကောင်းရရှိထားတဲ့ အသင်းတွေကိုသာ အဓိကရွေးချယ်ရမှာဖြစ်ပါတယ်။

### မန်ယူအသင်းကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ စပါးအသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ စပါးအသင်းဟာ အခုအပြောင်းအရွှေ့မှာ ဟယ်ရီကိန်းကို လက်လွှတ်ခဲ့ရပြီးနောက်ပိုင်း တိုက်စစ်ပိုင်းလိုအပ်ချက်ရှိခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ ဘရန့်ဖို့ဒ်အသင်းကို အနိုင်ရဖို့ ရှုန်းကန်ခဲ့ရပြီး သရေရလဒ်သာ ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ စပါးအသင်းခံစစ်ကစားသမားရိုမီယိုဟာ ပွဲချိန် ၁၁ မိနစ်မှာ ဦးဆောင်ဂိုးသွင်းယူခဲ့ပေမဲ့ ပွဲချိန် ၁၄ မိနစ်မှာ ဒဏ်ရာကြောင့် လူစားလဲခဲ့ရတာကိုတွေ့ရမှာပါ။ ရိုမီယိုထွက်ခွာပြီးနောက်ပိုင်း စပါးခံစစ်ပိုင်းအားနည်းသွားတာကြောင့် ဘရန့်ဖို့ဒ်အသင်းရဲ့ တန်ပြန်တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့လို့ ချေပဂိုးဦးဆောင်ဂိုးပေးလိုက်ရပြီး နောက်ကနေလိုက်ကစားခဲ့ရတာဖြစ်ပါတယ်။ စပါးနည်းပြ ပိုစတီကိုဂလူကတော့ ၄-၃-၂-၁ ကစားကွက်နဲ့ တိုက်စစ်အသားပေးကစားခဲ့ပေမဲ့ ဟယ်ရီကိန်း မရှိတဲ့ တိုက်စစ်ပိုင်းက လိုအပ်ချက်တွေရှိနေပြီး ဂိုးရဖို့ခက်ခဲခဲ့တာကို သတိပြုရမှာပါ။

မန်ယူအသင်းဟာ အခုအပြောင်းအရွှေ့မှာ မေဆင်မောင့်၊ ဟိုက်လန်း၊ အိုနာနာတို့ကိုခေါ်ယူခဲ့ပြီး အသင်းရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခဲ့ပေမဲ့ တိုက်စစ်ပိုင်းမှာတော့ အားနည်းချက်ရှိနေဆဲဖြစ်ပါတယ်။ မန်ယူအသင်းဟာ အဖွင့်ပွဲစဉ်မှာ အိမ်ကွင်းမှာကစားခဲ့ရပေမဲ့ ဝုဗ်အသင်းကို တိုက်စစ်မှူးတွေဖြစ်တဲ့ ရက်ရှ်ဖို့ဒ်၊ ဆန်ချို၊ မေဆင်မောင့်၊ အန်တိုနီတို့ ဂိုးရဖို့ အခွင့်အရေးဖန်တီးနိုင်မှုမရှိတာကြောင့် အနိုင်ရဖို့ခက်ခဲခဲ့တာကို သတိပြုရမှာပါ။ ဒါပေမဲ့ အဲဒီပွဲစဉ်မှာ မန်ယူအသင်းရဲ့ ခံစစ်ကစားပုံဟာ တည်ငြိမ်မှုရှိနေသလို တောင်ပံခံစစ်ကစားသမားတွေဖြစ်တဲ့ ဝမ်ဘစ်ဆာကာနဲ့ လုခ်ရှောတို့ကလဲ ခံစစ်နဲ့တိုက်စစ်ကို အကောင်းဆုံးပံ့ပိုးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် မန်ယူအသင်းက ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း စပါးအသင်းနဲ့ တွေ့ဆုံတိုင်းရှုံးပွဲမရှိခဲ့ဘဲ လက်ရှိ အကျော်ပေးထားမှုကလဲ အိမ်ရှင်စပါး အသင်းက ပေးထားတာကြောင့် အနည်းဆုံးသရေ ရလဒ်ကစားလာမဲ့ မန်ယူအသင်းကိုပဲ အားပေးရမှာပါ။

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပါး | ၂ | - | ၃ | ဝက်စ်ဟမ်း |
| လိုင်းယွန်းစီးတီး | ၁ | - | ၅ | စပါး |
| စပါး | ၅ | - | ၁ | ရှက်တာဒိုးနက် |
| ဘာစီလိုနာ | ၄ | - | ၂ | စပါး |
| ဘရန့်ဖို့ဒ် | ၂ | - | ၂ | စပါး |

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၀ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| မန်ယူ | ၂ | - | ၃ | ဒေါ့မွန် |
| မန်ယူ | ၃ | - | ၁ | လန်း |
| မန်ယူ | ၁ | - | ၁ | ဘီလ်ဘာအို |
| မန်ယူ | ၁ | - | ၀ | ဝုဗ် |

### ဒေါ့မွန်အသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါ အဖွင့်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဒေါ့မွန်အသင်းနဲ့ ကိုလုံးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒေါ့မွန်အသင်းဟာ အခုအပြောင်းအရွှေ့မှာ ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်ကို လက်လွှတ်ခဲ့ရပေမဲ့ ဘိုင်ယန်မြူးနစ်အသင်း ကွင်းလယ်ကစားသမား ဆာဘစ်ဇာကိုခေါ်ယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါ့ပြင် သူတို့အသင်းဟာ ဝုဖ်အသင်း ကွင်းလယ်ကစားသမား အမ်မက်ချာကိုလဲ ခေါ်ယူနိုင်ခဲ့တာကြောင့် ကွင်းလယ်ပိုင်းလိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ဘယ်လင်ဟမ်ထွက်ခွာသွားပေမဲ့ တိုက်စစ်ကစားအား ကျဆင်းသွားခြင်းမရှိဘဲ ပြီးခဲ့တဲ့ ခြေစမ်းပွဲစဉ်နဲ့ ပိုကယ်ဖလားပြိုင်ပွဲတွေမှာ တိုက်စစ်ပိုင်း သွင်းဂိုး ၃၅ ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။ အခုပွဲစဉ်မှာတော့ ဒေါ့မွန်အသင်းက အဓိကကစားသမားတွေအပါအဝင် ကစားသမား ကိုးယောက်ထိ ဒဏ်ရာရရှိနေပေမဲ့ အရန်ကစားသမားစုဖွဲ့မှုအားကောင်းတဲ့ အသင်းဖြစ်တာကြောင့် ကိုလုံးအသင်းကို ဖိအားပေးကစားနိုင်မှာ သေချာပါတယ်။

ကိုလုံးအသင်းကတော့ အခုအပြောင်းအရွှေ့မှာ အဓိကကစားသမား ဝယ်ယူရောင်းချမှု မပြုလုပ်နိုင်ဘဲ ကစားသမားဟောင်းတွေကိုသာ ဆက်လက်ထိန်းသိမ်းခဲ့တာကိုတွေ့ရမှာပါ။ ကိုလုံးအသင်းဟာ ပြီးခဲ့တဲ့ခြေစမ်းပွဲတွေမှာလဲ အသင်းငယ်တွေနဲ့ ကစားခဲ့ရပေမဲ့ ခံစစ်ပိုင်းက ပေးဂိုးများခဲ့သလို ပိုကယ်ဖလားပွဲစဉ်မှာလဲ ဒုတိယတန်းကလပ် အိုဇန်ဘက်အသင်းကိုအကြိတ်အနယ်ကစားခဲ့ရတာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ သူတို့အသင်းဟာ အချိန်ပိုရောက်မှ ဦးဆောင်ဂိုးတွေ သွင်းယူနိုင်ခဲ့ပြီး သုံးဂိုး တစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဘဏ္ဍာရေးအခက်အခဲကြောင့် ကစားသမားခေါ်ယူမှုမှာငွေကြေးသုံးစွဲနိုင်ခြင်းမရှိတဲ့ သူတို့အသင်းအနေနဲ့ ဒေါ့မွန်အသင်းနဲ့ယှဉ်ရင် ခြေစွမ်းပိုင်းတစ်ဆင့်နိမ့်နေတယ်လို့ဆိုရမှာပါ။ သူတို့အသင်းနည်းပြအနေနဲ့ အဖွင့်ပွဲစဉ်ကို ရမှတ်ခွဲယူဖို့ ကြိုးစားလာဖို့သေချာပေမဲ့ ဒေါ့မွန်အသင်းရဲ့ တိုက်စစ်အတွဲဖြစ်တဲ့ မာလန်း၊ ဟော်လာ၊ မာကိုရှူးစ် တို့အတွဲကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ မဖြစ်နိုင်တာကြောင့် ဂိုးပေးရမှာ သေချာနေပါတယ်။ လက်ရှိအကျော်ပေးမှုကလဲ ဒေါ့မွန်က တစ်လုံးသွင်းရင် ဘာမှမဖြစ်နိုင်တဲ့ အကျော်ပေးမှုကြောင့် ဒေါ့မွန်အသင်းရဲ့ ခြေစွမ်းနဲ့စုဖွဲ့မှုအရ ဂိုးပြတ်အနိုင်ရဖို့သေချာနေလို့ ဒေါ့မွန်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**ဒေါ့မွန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆန်ဒီယေဂို | ၀ | - | ၆ | ဒေါ့မွန် |
| မန်ယူ | ၂ | - | ၃ | ဒေါ့မွန် |
| ချဲလ်ဆီး | ၁ | - | ၁ | ဒေါ့မွန် |
| ဒေါ့မွန် | ၃ | - | ၁ | အေဂျက် |
| ရှော့မိန့်ဂ် | ၁ | - | ၆ | ဒေါ့မွန် |

**ကိုလုံးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကိုလုံး | ၀ | - | ၁ | ဟန်နိုဗာ |
| ကိုလုံး | ၃ | - | ၁ | ဂေါ်နစ် |
| ကိုလုံး | ၁ | - | ၁ | မာယော့ကာ |
| ကိုလုံး | ၂ | - | ၀ | နန့်တက် |
| အိုဆန်ဘက် | ၁ | - | ၃ | ကိုလုံး |

### ဆိုစီဒက်အသင်း နိုင်ပွဲရှာရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဆိုစီဒက်နဲ့ ဆဲလ်တာဗီဂိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆိုစီဒက်အသင်းဟာ ခံစစ်ကစားပုံတည်ငြိမ်တဲ့ အသင်းဖြစ်တာကြောင့် ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ တိုက်စစ်ပိုင်းက သွင်းဂိုး ၅၅ ဂိုးနဲ့ ခံစစ်ပိုင်းက ၃၅ ဂိုးထိပေးခဲ့ရပြီး အဆင့်(၄)မှာ ရပ်တည်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အခုရာသီမှာချန်ပီယံလိဂ်ပြိုင်ပွဲကစားရမှာဖြစ်လို့ ကစားသမားဖြည့်တင်းမှုတွေ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ရင်းနက်ခံစစ်ကစားသမားထရာအိုရေးနဲ့ လိုက်ပ်ဇစ်အသင်း တိုက်စစ်မှူး အန်ဒရီဆေးဗားတို့ကိုခေါ်ယူခဲ့ပြီး တိုက်စစ်ပိုင်းအားဖြည့်ခဲ့ပေမဲ့ ကွင်းလယ်ကစားသမားဒေးဗစ်ဆေးဗာကိုတော့ လက်လွှတ်လိုက်ရတာကိုတွေ့ရမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ ရမှတ်မဆုံးရှုံးဖို့အတွက် ပြီးခဲ့တဲ့ ပွဲစဉ်ကခံစစ်ပိုင်းအမှားကို ပြင်ဆင်လာမှာသေချာနေပြီး ကူဘို၊ အိုရာဇာဘယ်ကလွဲရင် ဖာနန်ဒက်စ်နေရာမှာ ကစားသမားပြောင်းလဲမှုပြုလုပ်လာဖို့များပါတယ်။

ဆဲလ်တာဗီဂိုအသင်းဟာ ပြီးခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ အိုဆာဆူနာအသင်းကို ဖိအားပေးကစားနိုင်ခဲ့ပေမဲ့ ခံစစ်ပိုင်းလိုအပ်ချက်ကြောင့် အိုဆာဆူနာရဲ့ တန်ပြန်တိုက်စစ်ကို မထိန်းချုပ်နိုင်ဘဲ ဦးဆောင်ဂိုးနှစ်ဂိုး ပေးလိုက်ရပြီး ဂိုးပြတ်ရှုံးခဲ့တာဖြစ်ပါတယ်။ ဆဲလ်တာဗီဂိုအသင်းဟာ ကစားသမားအပြောင်းအရွှေ့မှာ ထိပ်တန်းအဆင့်ကစားသမားခေါ်ယူမှု မပြုလုပ်နိုင်တဲ့အပြင် ကွင်းလယ်က လူငယ်ကစားသမားဗီအီဂါကိုလဲ ရောင်းချဖို့ ပြင်ဆင်နေတာကိုတွေ့ရမှာပါ။ သူတို့နှစ်သင်း ပြီးခဲ့တဲ့ဘောလုံးရာသီ အမှတ်ပေးပွဲတွေ့ဆုံမှုမှာလဲ ဆိုစီဒက်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းနည်းပြကတော့ ပြီးခဲ့တဲ့ အဖွင့်ပွဲစဉ်မှာ ရှုံးနိမ့်ခဲ့တာကြောင့် အခုပွဲကိုသရေတစ်မှတ်ရဖို့ ပြင်ဆင်လာမှာ သေချာနေပေမဲ့ ကွင်းလယ်ပိုင်းက ဗီအီဂါမပါနိုင်ရင်တော့ တိုက်စစ်ပိုင်း အားနည်းသွားမှာဖြစ်ပြီး ဂိုးရဖို့ရုန်းကန်ရမှာပါ။ ဒါကြောင့် အိုရာဇာဘယ်၊ ကူဘိုတို့အတွဲနဲ့ အိမ်ကွင်းနိုင်ပွဲရှာလာမဲ့ ဆိုစီဒက် တိုက်စစ်ပိုင်းကြောင့် ဆဲလ်တာဗီဂိုခံစစ်ပိုင်းဂိုးပေးရဖို့သေချာနေလို့ ဆိုစီဒက်အသင်း နိုင်ပွဲရှာရမှာပါ။


**ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၀ | - | ၃ | စပို့တင်းလစ္စဘွန်း |
| ဆိုစီဒက် | ၁ | - | ၀ | လေဗာကူဆင် |
| အေတီကို | ၀ | - | ၀ | ဆိုစီဒက် |
| ဘက်တစ် | ၀ | - | ၁ | ဆိုစီဒက် |
| ဆိုစီဒက် | ၁ | - | ၁ | ဂျီရိုနာ |

**ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၅ | - | ၀ | အယ်နာဆာ |
| ဆဲလ်တာဗီဂို | ၀ | - | ၂ | ဘင်ဖီကာ |
| ဆဲလ်တာဗီဂို | ၁ | - | ၀ | လိုင်ယွန် |
| ဝုဖ်ဘတ် | ၀ | - | ၁ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၀ | - | ၂ | အိုဆာဆူနာ |

# ပြည်ပနိုင်ငံများသို့ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၃၄ သန်းကျော်တန်ဖိုးရှိ ပဲတီစိမ်းတန်ချိန် ၄၂၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့



**နေပြည်တော် ဩဂုတ် ၁၇**

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၃၄ သန်းကျော်တန်ဖိုးရှိ ပဲတီစိမ်းတန်ချိန် ၄၂၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပဖောက်သည်ဈေးကွက်များသို့ ပဲအမျိုးအစားပေါင်း ၂၀ ကျော် တင်ပို့ရောင်းချပေးလျက်ရှိရာ ပဲတီစိမ်းသည် အများဆုံးတင်ပို့ရောင်းချပေးနေရသည့် ပဲအမျိုးအစား သုံးမျိုးတွင်ပါဝင်ကြောင်း၊ ထို့ကြောင့် ပဲတီစိမ်းကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှရော နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှပါ အပတ်စဉ်တင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

သို့သော် ဇူလိုင်လအတွင်းတွင် ပဲတီစိမ်းများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှသာ တင်ပို့ရောင်းချပေးခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချမှုမရှိခဲ့ကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၂၀၃ သန်းတန်ဖိုးရှိ ပဲတီစိမ်းတန်ချိန် ၄၂၉၉၀ တင်ပို့ရောင်းချ ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချပေးရာတွင် အိန္ဒိယနိုင်ငံသို့ ပဲတီစိမ်းတန်ချိန် ၂၀၃၅၀၊ တရုတ်နိုင်ငံသို့ တန်ချိန် ၆၀၀၀ ကျော်၊ ထိုင်းနိုင်ငံသို့ တန်ချိန် ၂၂၄၀၊ ဖိလစ်ပိုင်နိုင်ငံသို့ ၁၇၂၅ တန်၊ ဂျပန်နိုင်ငံသို့တန်ချိန် ၁၅၆၀၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၆၈၀၀၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၁၀၀၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၀၀၀ နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ၂၃၁၅ တန် စုစုပေါင်း ပဲတီစိမ်းတန်ချိန် ၄၂၉၉၀ တင်ပို့ရောင်းချ ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ပဲတီစိမ်းကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးခဲ့ရာ ဧပြီလမှ ဇူလိုင်လကုန်ထိ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၀၄ ဒသမ ၂၀၅ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှအမေရိကန်ဒေါ်လာ ၃၁ ဒသမ ၁၆၈ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၃၅ ဒသမ ၃၇၃ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် အဓိကသီးနှံများအနေဖြင့် စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံ စသည့်စိုက်ပျိုးသီးနှံများကို စိုက်ပျိုးဆောင်ရွက်နေပြီး တစ်နိုင်ငံလုံး၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် ပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်မှုသည် ဒုတိယအများဆုံး ဖြစ်ကြောင်း သိရသည်။ SKL

# ကံမမြို့နယ် ဇီးတောကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကံမ ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးရရှိစေရန်အတွက် ဇီးတောကျေးရွာအုပ်စု ဇီးတောကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၁၆ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၂၅ ဒသမ ၉၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက ဇီးတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၂၁ ဒသမ ၃၁ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၄ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေကျပ် ၂၅ ဒသမ ၉၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးတောကျေးရွာအုပ်စု ဇီးတောကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP)ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဆိုပါ စီမံကိန်းရန်ပုံငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားလာကြောင်း ကံမမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးထံမှ သိရသည်။ **အိမိုးမိုး**












## တဟုန်ဖန်

### လျှပ်စစ်ပစ္စည်းအမျိုးမျိုး

| | | | |
|---|---|---|---|
| ၁။ | အရောင်းဝန်ထမ်း | မ | (၄)ဦး |
| ၂။ | ဂိုဒေါင်မှူး | ကျား (၄)ဦး / မ (၂)ဦး | |
| ၃။ | Marketing | ကျား (၄)ဦး / မ (၂)ဦး | |
| ၄။ | လိုက်ကာကွင်းတပ် | ကျား (၁)ဦး / မ (၁)ဦး | |

မှတ်ချက်။ No.(၃) လူလိုင်စင်နှင့် ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်ရှိရမည်။

လိပ်စာ။ ၆၂လမ်း၊ ၁၁၀×၁၁၁

ဖုန်း။ 09-400877100 , 09-400877900

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အမှတ်(ဒဒ-၂၄/၃၁)၊ ၅၂ Bလမ်း၊ ၁၂၈လမ်းနှင့် ၁၂၉ လမ်းကြားနေ ကျွန်တော် ဦးကုဋ္ဌေဇော် ၅/စကန(နိုင်)၁၈၁၄၆၄ မှ **Gold Water RO သောက်ရေသန့်** အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးကုဋ္ဌေဇော်**

**ဖုန်း-၀၉-၄၀၂၂၇၉၅၅၈၊ ၀၉-၉၆၄၅၇၉၅၅၈**

## ဖခင်အမည်မှန်

မန္တလေး၊ အမရပူရမြို့နယ်၊ Baby World ကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော မဖူးပန်းခိုင်ဆင့်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနှင်းဝေအောင် ဖြစ်ပါကြောင်း။

ဦးနှင်းဝေအောင်(၁၂/မရက(နိုင်)၁၇၃၇၆၂)

## ဖခင်အမည်မှန်

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ အမက-ဥမှင်၊ Grade-3 တွင်ပညာသင်ကြားနေသော မသန့်သဇင်စိုး၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးခင်မောင်ထွေး ဖြစ်ပါကြောင်း။

ဦးခင်မောင်ထွေး(၉/တတဥ(နိုင်)၁၀၇၉၂၅)

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုး မွေးမြူရေးသည် မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်...

❖ တိုင်းပြည်စားရေရိက္ခာပေါများရေး၊ ဒေသအလိုက် ဝမ်းစာဖူလုံရေးသည် မိမိတို့၏ မျှော်မှန်းချက်ဖြစ်...

❖ အခြေခံစားကုန်များ၊ သားငါးများ ဒေသအလိုက် ဖူလုံအောင်ကြိုးစားရမည်ဖြစ်သကဲ့သို့ စိုက်ပျိုး မွေးမြူရေးကို အခြေခံသည့် တန်ဖိုးမြှင့်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးသည်လည်း ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်...

❖ ထို့ကြောင့် ရရှိထားသောရလဒ်များကို ကျေနပ်မနေဘဲ အရေအတွက်ရော၊ အရည်အသွေးပါပိုမိုကောင်းမွန်သည့် စိုက်မွေးထုတ်ကုန်များရရှိအောင် ဆောင်ရွက်ပေးကြရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## အများပြည်သူသိရှိစေရန် အသိပေးထုတ်ပြန်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် ဓာတ်အားပေးစက်ရုံများက ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားများကို ပင်မဓာတ်အားခွဲရုံများ၊ မဟာဓာတ်အားလိုင်းများ တည်ဆောက်၍ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိပါသည်။

၂။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တည်ဆောက်ပြီးစီး၍ လျှပ်စစ်ဓာတ်အားပို့လွှတ်ခဲ့သည့် မဟာဓာတ်အားလိုင်းများတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ အများပြည်သူဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှုများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးတို့အတွက် မြို့ပြရေိယာပြင်ပရှိ တည်ဆောက်ပြီးမဟာဓာတ်အားလိုင်းများ၏ ဗို့အားအဆင့်အလိုက် လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁၇ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ်(၂၇၉/၂၀၂၃)အား ၂၀၁၄ ခုနှစ် လျှပ်စစ်ဥပဒေပုဒ်မ ၇၂ ပုဒ်မခွဲ(ခ) အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ထုတ်ပြန်ထားရှိကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

| စဉ် | ဗို့အားအဆင့် | လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေ (ပေ) | |
|---|---|---|---|
| | | ဓာတ်အားလိုင်း၏ ဗဟိုမျဉ်းမှ တစ်ဖက်တစ်ချက်သို့ အကျယ် | စုစုပေါင်း အကျယ် |
| ၁။ | ၅၀၀ ကေဗွီ (သို့မဟုတ်) ၅၀၀,၀၀၀ ဗို့ | ၁၀၀ ပေ | ၂၀၀ ပေ |
| ၂။ | ၂၃၀ ကေဗွီ (သို့မဟုတ်) ၂၃၀,၀၀၀ ဗို့ | ၇၅ ပေ | ၁၅၀ ပေ |
| ၃။ | ၁၃၂ ကေဗွီ (သို့မဟုတ်) ၁၃၂,၀၀၀ ဗို့ | ၇၅ ပေ | ၁၅၀ ပေ |
| ၄။ | ၆၆ ကေဗွီ (သို့မဟုတ်) ၆၆,၀၀၀ ဗို့ | ၂၅ ပေ | ၅၀ ပေ |

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

## ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်းကြေညာ

၁။ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်တစ်ခုခုသို့ ပထမဦးစားပေး လျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့(အဆင့်မြင့်ပညာဦးစီးဌာန)က ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်**သို့ ပထမဦးစားပေးလျှောက်ထားသူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသောတက္ကသိုလ် ၂၆ ခုသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ**သို့ ပထမဦးစားပေးလျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါလျှောက်လွှာလက်ခံမည့်နေရာရှိစ်ခုအနက် တစ်ခုခုသို့တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန(နေပြည်တော်)

(ခ) ဆေးတက္ကသိုလ်(၁) ရန်ကုန်

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။